mgyoe.com SAMPLE BOOK

## မာတိကာ


| | | |
|---|---|---|
| ၆၂- | မေမေ | ၃၆၆ |
| ၆၃- | အသီးအပွင့် | ၃၇၀ |
| ၆၄- | ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင် | ၃၇၆ |
| ၆၅- | အဝေရာ | ၃၈၁ |
| ၆၆- | လယ်တောကအပြန် | ၃၈၉ |
| ၆၇- | မေတ္တာသံသရာ | ၃၉၇ |
| ၆၈- | ချစ်တဲ့သူရယ်လေ | ၄၀၃ |
| ၆၉- | အလှဘယ်မှာရှိပါလိမ့် | ၄၁၂ |
| ၇၀- | စာရေးဆရာ | ၄၂၁ |
| ၇၁- | နှဲသမားစံရွှန်း | ၄၂၆ |
| ၇၂- | ကွက်ကြားမြင်ရသော ဘ၀ ၂ ခု | ၄၃၂ |
| ၇၃- | မကြင်သာသည် | ၄၄၀ |
| ၇၄- | တစ်ကွေ့ တစ်ကမ္ဘာ တစ်သံသရာ | ၄၄၆ |
| ၇၅- | တံတားကလေးနှင့် လမ်း | ၄၅၄ |
| ၇၆- | စည်းကြိုးနှင့် ကြက်တောင် | ၄၅၉ |
| ၇၇- | ငါးပိလက်ဆောင် | ၄၆၄ |
| ၇၈- | နှမလက်လျှော့နေလေတော့ | ၄၇၀ |
| ၇၉- | စိန် | ၄၇၄ |
| ၈၀- | လူ့အကြောင်း သို့မဟုတ် အာဒံနှင့် ဧဝတို့အကြောင်း | ၄၈၀ |
| ၈၁- | သံယောဇဉ် | ၄၈၅ |
| ၈၂- | ဖောက်ဖတ်မိသော စာ | ၄၈၈ |
| ၈၃- | စိန်ကြည်နော် စိန်ကြည် | ၄၉၃ |
| ၈၄- | ကျေးတောသားပုံပြင် ၁ | ၄၉၈ |
| ၈၅- | ကျေးတောသားပုံပြင် ၂ | ၅၀၁ |
| ၈၆- | ကျေးတောသားပုံပြင် ၃ | ၅၀၄ |
| ၈၇- | ကျေးတောသားပုံပြင် ၄ | ၅၀၆ |
| ၈၈- | ကျေးတောသားပုံပြင် ၅ | ၅၀၉ |
| ၈၉- | ကျေးတောသားပုံပြင် ၆ | ၅၁၂ |
| ၉၀- | လူပြန်တော်ပုံပြင်များ ၁ | ၅၁၅ |
| ၉၁- | လူပြန်တော်ပုံပြင်များ ၂ | ၅၁၈ |
| ၉၂- | ယောက္ခမပုံပြင် ၁ | ၅၂၁ |
| ၉၃- | ယောက္ခမပုံပြင် ၂ | ၅၂၅ |
| ၉၄- | ယောက္ခမပုံပြင် ၃ | ၅၂၈ |
| ၉၅- | မိန်းမပုံပြင် ၁ | ၅၃၂ |
| ၉၆- | မိန်းမပုံပြင် ၂ | ၅၃၇ |
| ၉၇- | မိန်းမပုံပြင် ၃ | ၅၄၂ |
| ၉၈- | မင်းဘုရား ဘာသိတုံး | ၅၄၅ |
| ၉၉- | ရွှေဖြစ်ငွေဖြစ် | ၅၄၈ |
| ၁၀၀- | အသက် | ၅၅၄ |
| ၁၀၁- | အဆိပ် | ၅၅၇ |
| ၁၀၂- | လို၍မရသော ဆင်းရဲ | ၅၆၀ |
| ၁၀၃- | ခွေးဝတ္ထု | ၅၆၇ |
| ၁၀၄- | ပြည်တော်ပြန် | ၅၇၂ |
| ၁၀၅- | ချစ်သမျှကို | ၅၈၀ |
| ၁၀၆- | ရွက်ပုန်းသီး | ၅၈၄ |
| ၁၀၇- | တောဘုမ္မာ | ၅၉၀ |
| ၁၀၈- | ထမင်းချက်ပျောက်မှု | ၅၉၅ |
| ၁၀၉- | အိမ်ကယောကျ်ား | ၆၀၄ |
| ၁၁၀- | ချီးမွမ်းခြင်း-ကဲ့ရဲ့ခြင်း | ၆၁၁ |
| ၁၁၁- | လင်နှင့်မယား | ၆၁၇ |
| ၁၁၂- | ကျေးဇူးဟောင်းကို အောက်မေ့ခြင်း | ၆၃၀ |
| ၁၁၃- | အံ့ဖွယ်ခန်း | ၆၃၈ |
| ၁၁၄- | ချစ်မြားရှင် | ၆၄၂ |
| ၁၁၅- | ကမြင်းမသားကလေး | ၆၄၆ |
| ၁၁၆- | နယ်ပိုင်ဦးထုပ် | ၆၅၅ |
| ၁၁၇- | သူကြွယ်ပုံပြင် အပိုင်းတစ် | ၆၅၇ |
| ၁၁၈- | အတွယ်အတာ | ၆၆၀ |
| ၁၁၉- | တစ်ညနေခင်း | ၆၆၅ |
| ၁၂၀- | တစ်နေ့တစ်လံ အင်းလျားကန် | ၆၆၈ |
| ၁၂၁- | ဗိုလ်တဲကုန်းမယ် | ၆၇၂ |
| ၁၂၂- | ထမိ၏အရိပ် | ၆၇၇ |


mgyoe.com

mgyoe.com SAMPLE BOOK

## မေမေ့

ကာယကံရှင်တို့က သူတို့ကိစ္စ 'လုံလုပြီ။'ဟု အထင်ရှိနေစဉ်ပင် 'စာရေးကြီးကိုဖေအုန်းနှင့် မုဆိုးမလေး မမြတင်တို့ အဆက်ဖြစ်နေကြပြီ။'ဟူသော သတင်းသည် မြို့ကလေးအတွင်းဝယ် လေနှင့်အတူ တသင်းသင်းပျံ့လွင့်ခဲ့ပေသည်။

မမြတင်မှာ အပျိုဘဝကတည်းက သူ၏ ချိုပြုံးသောအလှကြောင့် ပိုးကြပန်းကြသူတွေ ဝိုင်းနေသည့်အထဲမှ၊ ဂီတ၏ဆွဲဆောင်မှုဖြင့် တယောဝိဇ္ဇာ ကိုအေးမောင်နှင့် အကြောင်းပါခဲ့ရှာလေသည်။ သို့ရာတွင် အဆင်မပြေသော သူ့ဘဝအကျိုးပေးက၊ သူစွဲမက်ခဲ့သော ကိုအေးမောင်၏ဂီတကို အားရအောင် ကြည်နူးခွင့်မပေး။ မမြတင် သားကလေးတစ်ယောက် ဖွားမြင်ပြီး မကြာမီမှာပင် ကိုအေးမောင် ကွယ်လွန်ရှာလေသည်။ သို့နှင့် မမြတင်မှာ အသက် ၂၀ ကျော်ကျော်အရွယ် ကလေးတစ်ယောက်မိခင် မုဆိုးမကလေးအဖြစ်သို့ ရောက်ခဲ့ရတော့၏။

ကလေးတစ်ယောက်မိခင် မုဆိုးမပင်ဖြစ်လင့်ကစား၊ မမြတင်မှာ အပျိုကလေးတစ်ယောက်လိုပဲ လှပါသေးသည်။ အမြဲ ပြုံးရိနေသောသူ့ပင်ကိုမျက်နှာထားကလေးမှာ 'ချစ်စရာကောင်းလှသည်။'-ဟု ဆိုကြ၏။ သို့ရာတွင် မမြတင်မှာ 'အပျိုမဟုတ်'ဟူသော ချို့ယွင်းချက်ကလေးများက သူ့အား လေးစားမှု နည်းပါးစေခဲ့သည်။ အပျိုကလေးသာဆိုလျှင် မမြတင်လို မိန်းမချောကလေးတစ်ယောက်အဖို့ လူပျိုကလေးများနှင့် ရည်းစားတွေ မှိုလိုပေါက်အောင် ထားလိုက ထားနိုင်မည်မှန်သော်လည်း၊ ယခု သူ့အဖို့ ကိုဖေအုန်းတို့လို လူပျိုကြီးဂိုဏ်းဝင်များ၊ သားနှင့်လူပျို၊ မယားနှင့်လူပျိုများ၊ မြက်နုကြိုက် သက်ကြားကြီးများသာလျှင် မမြတင်အား ပတ်လည်ဝိုင်းနေတော့သည်။

ကိုဖေအုန်းတို့လို
လူပျိုကြီးဂိုဏ်းဝင်များ၊
သားနှင့်လူပျို၊
မယားနှင့်လူပျိုများ၊
မြက်နုကြိုက်
သက်ကြားကြီးများသာလျှင်

ငယ်သေးသော သူ့အသက်အရွယ်က လှုံ့ဆော်သဖြင့် မမြတင်သည် အလှပြုပြင်ခြင်း၊ လူပျိုကလေးများကိုမြင်လျှင် မရဲတရဲကြည့်ချင်ခြင်း စသည်တို့ကို ပြုမူမိသည့်အတွက်၊ 'ကောင်မကိုက ထ,ပါတယ်။'ဟူသော မိမိတို့လင်များကို ပြောမရသောမိန်းမပိုင်းမှ သြဘာသံများကိုလည်း ကြားရပေလိမ့်မည်။

ကိုဖေအုန်းအဖို့ ကန့်ကွက်မည့်သူ မရှိ။ ငြူစူမည့်သူလည်း မရှိ။ အလုပ်အကိုင်လည်းရှိသည်။ ထို့အပြင် 'လူပျို'ဆိုသော 'ကြီး'တစ်လုံးဖြုတ်လိုက်လျှင် အလွန်ချိုသာသော ဂုဏ်တစ်ခု ရှိသည်။

မမြတင်သည် ကိုဖေအုန်းကိုပဲ ရွေးချယ်လိုက်သည်။ သူ့အဖို့ လောကကြီးတွင်နေရန် ရက်တွေ အများကြီးကျန်သေးသည်။

ကိုဖေအုန်းမှာ 'လူရိုးတစ်ယောက်ပါ။'ဟု အာမ မခံရဲစေကာမူ၊ လူကောင်းတစ်ယောက်ဖြစ်သည်ကိုတော့ သိကြသည်။ သူ့မိတ်ဆွေအချို့က မမြတင်နှင့် မရစေချင်၊ အချို့က ရစေချင်ကြသည်။ ကိုဖေအုန်းကတော့ ရစေချင်သည့်ဘက်မှ လူများနှင့်သာ ပန်းစားလေသည်။

"ရုပ်လည်းချောတယ်ဗျာ။ ငယ်လည်းငယ်သေးတယ်။ သဘောလည်းကောင်းတယ်။ လူတစ်ဖက်သားကို သနားတတ်တယ်။ ပြီးတော့ အရောင်းအဝယ်လည်း နားလည်တယ်။"



mgyoe.com

mgyoe.com SAMPLE BOOK

"အေး-ခင်ဗျား အဲ့ဒါတွေကိုသာ မြင်နေ။ တော်တော်ကြာ ကိုယ့်သားလည်း မဟုတ်ဘဲနှင့် ရှင်ပြုနေရမှာတော့ မမြင်ဘဲကိုး။"

"ဒါ-ကျွန်တော် စဉ်းစားပြီးသား။ မြနှင့်လည်း တိုင်ပင်ပြီးသား။ မြကိုယ်တိုင်က 'သူ့သားကို သူ့အဖိုးအဖွားများနှင့် ထားခဲ့ပါ့မယ်။' ဆိုတာ ကတိပေးပြီးပြီဗျ။ ကျွန်တော်က ဒါကို ဘယ်မေ့လိမ့်မလဲ။ 'ခုရုပ်မှ နောင်ရှင်း' ဆိုတာလို အစောကြီးက မြကို ပြောကြည့်တယ်။ ခုဆို ကြည့်ပါလား။ ကလေးကို သူ သိပ် အကပ်မခံတော့ဘူး။ ကလေးကတော့ သူ့အဖွားဆီမှာ အနေများတယ်ဗျ။"

"အေးဗျာ-ခင်ဗျားကြိုက်နေတာတော့ ဘယ်တတ်နိုင်မလဲ။ ဒါပေမယ့် ကျွန်တော်တို့ကတော့ ခင်ဗျားကို အပျိုကလေးတွေနှင့်သာ ရစေချင်တာကိုး။"

"အပျို။ ဟုတ်လား။ မထူးပါဘူးဗျာ။ 'အပျို' ဆိုပေမယ့် ခုခေတ်ထဲမှာ ဘယ်သူက 'အပျိုပါ' လို့ အာမခံနိုင်လို့လဲ။ ပြီးတော့ ပျိုချင်တိုင်းပျို။ ဂေါ်ရင်ဂျီလို မည်းမည်းခေါက်ခေါက် သောက်ရုပ်ဆိုးတွေဆိုတော့ ဘာလုပ်ဦးမလဲ။ 'ဟောဒါ ငါ့မယား' ဆိုပြီး ပြလိုက်လို့မှ သပ်သပ်ရပ်ရပ်မရှိရင် ဘာလုပ်ဦးမလဲ။ အပျိုရလည်း ကျုပ်နှင့်ရတဲ့အချိန် အိုသွားတာပါပဲ။ တစ်သက်လုံး ပျိုမနေပါဘူး။ မဟုတ်ဘူးလား။"

"ဒါတော့ ခင်ဗျားထင်ရာပေါ့ဗျာ။"

"အထင်မဟုတ်ဘူးဗျ။ သေသေချာချာ စဉ်းစားကြည့်စမ်းပါ။ ကျုပ်ပြောတာတွေ မမှန်ဘူးလား။"

လူပျိုကြီးကိုဖေအုန်းကတော့ တရားဟော၍ မရနိုင်။ 'မမြတင်ကို မယူရန်' ပြောလာသူတိုင်းကို သူက အနိုင်ယူလိုက်သည်ချည်း ဖြစ်သည်။ 'အပျို ဟုတ်ဟုတ်၊မဟုတ်ဟုတ် သူယူမည်။' ဆိုမှတော့၊ မှန်ပါသည်။ မမြတင်အပေါ်၌ အခြားအပြစ်ဟူ၍ ညွှန်ပြနိုင်သူ မရှိတော့ပါ။

မမြတင်မှာလည်း 'မုဆိုးမ' ဟူသော သူ့ဘဝကို ရုံဖန်ရံခါ မေ့၍ အမှတ်မထင်ပင် လွတ်လပ်ခွင့်ကို ယူခဲ့သည်။ ရှေ့အဖို့ သူ့ဘဝကို ကိုဖေအုန်းနှင့်ယှဉ်တွဲ၍ သာယာအောင် ဖန်တီးရဦးမည်။ တစ်ဖက်က သူ့အတိတ်ဆီသို့ သတိရနေလျှင် အဘယ်မှာ တင်းပြည့်ကျပ်ပြည့် သာယာနိုင်တော့မည်နည်း။ သူ အမြဲ ကြိုးစား၍ စိတ်ဝင်စားရန်မှာ 'ငါငယ်သေးသည်။ လူ့ဘဝတွင် နေဖို့ရက်တွေ များသေးသည်။'

သူ့အတိတ်ကို ပြည်ဖုံးကား ချလိုက်တိုင်း သူ့သားလေး 'အပါ' သည် ပြည်ဖုံးကားကြီးကို မ၍မ၍ ထွက်လာခဲ့သည်။ သို့ရာတွင် မမြတင်ကတော့ 'အတ္တသမံ ပေမံ နတ္ထိ' ဟူသော စကားကို များများကြီး လက်ကိုင်ထားလေသလားတော့ မသိ။

မိဘများအလစ်တွင်
ချစ်သူရှာရခြင်း၊ ချစ်သူနှင့်တိတ်တဆိတ်
ချိန်းဆိုတွေ့ဆုံရခြင်း။
မချောင်သည့်အခါ စာတစ်တန်၊ပေတစ်တန်
ချစ်ကြိုးသွယ်ရခြင်းကိုပင်
အပျိုစင်ဘဝကို ပြန်ရနေသည်။-တု
အထင်ရောက်မိလေသလား။

"ဖယ်စမ်းကွယ်။ မင်းကလေးက ရှုပ်လိုက်တာ။ ဧည့်သည်များလာရင် သူ ဝင်ဝင်ရှုပ်တာ။ ဖွားဖွားဆီမှာ သွားနေပါဆိုလို့ မရဘူး။ နောက်တစ်ခါ ပြောမရရင် အရိုက်ပဲ။"

မမြတင်သည် သူ့သားလေးကို မကြာခဏ ကြိမ်းလေသည်။ ကိုဖေအုန်းမှာ မမြတင်ကို ယူရန်အရေးတွင် 'ကလေးကြောင့် အနှောင့်အယှက်တွေ့စရာ မရှိ။'-ဟု ယုံကြည်သည်။ ရုံဖန်ရံခါ မမြတင်ကို မေးကြည့်မိသည်။

"မြရယ်-မြသားကလေးကို မြ မချစ်ဘူးလား ဟင်"

"အို-ဒါတွေ မေးမနေပါနှင့် မောင်ရယ်။ ဒါတွေကို မောင် မေ့ထားရမယ့် ဟာတွေမို့။ မြလည်း ကြိုးစားပြီး မေ့ထားပါတယ်။"

ကိုဖေအုန်းသည် မမြတင်အား ချီးကျူးမိလေသည်။ 'မရခင်က လင့်အလိုကိုသိတတ်သော မမြင်တင်ပါတကား။'-ဟု စိတ်ထဲမှဝမ်းသာကာ မမြတင်၏အပေါ်တွင် ပိုမို၍ ချစ်မိရှာလေသည်။

သူ့အဖို့ ယခုအခါတွင် 'အပျိုစင် ချောချောလှလှ ကလေးများကို ရမည်။'-ဆိုဦးတော့၊ မမြတင်ကို လက်လွှတ်နိုင်ရန် ခဲယဉ်းနေတော့၏။

သူကို လက်ထပ်ယူရန်အရေးအတွက် ကိုဖေအုန်းဘက်က အနှောင့်အယှက် မရှိစေကာမူ၊ မမြတင်၏မိဘများကတော့ ကလေးအတွက် ကန့်ကွက်ချင်ကြပေသည်။

သို့ရာတွင် မမြတင်မှာ တစ်သက်လုံး အိမ်ထောင်မပြုတော့ဘဲ မနေနိုင်သည့်အတူတူ၊ ယေ်ရွယ်သူ့ဘဝနှင့်ပင် ပျော်ရွှင်ရန် အချိန်ကိုလု၍ ပြုလိုက်ခြင်းက သူ့အဖို့ အကျိုးရှိလိမ့်မည်။-ဟု စိတ်ကူးမိသောကြောင့်၊ သဘောမကျသောမိဘများ၏ အလစ်တွင် ချစ်သူရှာလိုက်ခြင်းဖြင့် သူ့အခွင့်အရေးများကို အရယူလိုက်သည်။ မိဘအလစ်တွင် ချစ်သူရှာရခြင်း၊ ချစ်သူနှင့် တိတ်တဆိတ် ချိန်းဆို တွေ့ဆုံရခြင်း မချောင်လည်လှသည့်အခါများတွင် စာတစ်တန်ပေတစ်တန် ချစ်ကြိုးသွယ်ရခြင်းကိုပင်


mgyoe.com

SAMPLE BOOK

အပျိုစင်ဘဝကို ပြန်ရနေသလောက် အထင်ရောက်မိလေသလား တော့ မပြောတတ်ပေ။

မိဘများက ကလေးကိုညွှန်ပြ၍ မမြတင် အိမ်ထောင် မပြုဖြစ်စေရန် တားမြစ်တတ်သဖြင့်၊ ကိုဖေအုန်းနှင့် နီးရန်အရေး ကို တွေး၍ စိတ်ရှုပ်မိသည်။ သို့ရာတွင် မမြတင်အဖို့ ကိုဖေအုန်း သည်လည်းကောင်း၊ ကိုဖေအုန်းအဖို့ မမြတင်သည်လည်း ကောင်း လက်လွှတ်ခံနိုင်သောအရာ မဟုတ်သဖြင့်၊ သူတို့ဆန္ဒ ပြည့်ဝရန် အရေးကိုမူ မဖြစ်လျှင် ဖြစ်သည့်နည်းကို သုံးကြရ ပေလိမ့်မည်။

"မြရယ်။ ခိုးရာသာ လိုက်ခဲ့ပါတော့။"

"မြလည်း ဒါကို စဉ်းစားနေတာပါပဲမောင်။ ဘယ်တော့"

"မြ လိုက်နိုင်မယ်ဆိုရင် တန်ဆောင်တိုင်ပွဲတော် ရုံး ပိတ်ရက်မှာ အချိန်ရတာပဲ။ ဘယ့်နှယ်လဲ။"

"လိုက်မယ်မောင်ရယ် ဘာဖြစ်ဖြစ်။ ဒါနှင့် မောင် အိမ်ဘက်ကို လျှောက်လျှောက်မလာပါနှင့်ဦး။ သူတို့ရိပ်မိသွား လိမ့်မယ်။ လပြည့်နေ့ည ပွဲတော်မှာ မြ ပွဲက လာစောင့်နေမယ် နော် မောင်။ ဆက်ဆက်သာ လာခဲ့ါလှည့်။ ဟုတ်လား။"

ကိုဖေအုန်းသည် မမြတင်နှင့် ခိုးထွက်ပြေးရန် သဘော တူ ချိန်းဆိုလိုက်ကြပြီးနောက် အတွင်းကျသော မိတ်ဆွေအချို့နှင့် တိုင်ပင်ကာ ပြင်ဆင်စရာရှိသည်တို့ကို ပြင်ဆင်လေသည်။

သို့နှင့် ချိန်းဆိုထားသော လပြည့်နေ့သို့ ရောက်ခဲ့လေ သည်။ ညနေပိုင်းကျလေလေ ကိုဖေအုန်း ရင်ခုန်လေ ဖြစ်နေတော့ သည်။ နာရီကို မကြာမကြာမြှောက်ကြည့်ရင်း၊ ၁ နာရီကျော် ကျော်လိုသေးသော မှောင်ချိန်ကို စောင့်ဆိုင်းနေခဲ့ရသည်။

"ဗျို့-ကိုဖေအုန်း"

အိမ်ရှေ့မှ ခေါ်သံ ကြားလိုက်ရသည်နှင့်မရှေးမနှောင်း လက်ထဲ၌ ဆေးသေတ္တာကိုဆွဲလျက် ဝင်လာသော ဒေါက်တာ တင့်မောင်ကို တွေ့လိုက်ရရာ၊ ကိုဖေအုန်းမှာ များစွာစိတ်အနှောင့် အယှက် ဖြစ်ရပေသည်။ 'အရေးထဲကျမှ ရှုပ်လေခြင်း' ဟု အောက်မေ့မိ၏။

"ခဏလောက်လိုက်ခဲ့ပါဦးဗျာ။ အရေးတကြီး ကလေး လူနာရှင်တစ်ဦးက လာပင့်သွားလို့။"

ခါတိုင်းဆိုလျှင် အားလပ်သည့်အချိန်နှင့် ကြုံကြိုက် ပါက ဒေါက်တာတင့်မောင်နှင့်အတူ အဖော်အဖြစ် လိုက်သွား လေ့ရှိပေသည်။ သို့ရာတွင် ယခုတော့ သူ လိုက်၍မဖြစ်။ မကြာမီ ပင် အရေးကြီးသောကိစ္စတစ်ခုကို ဆောင်ရွက်ရန် ရှိသည်။

"ဟာဗျာ-သွားပါတော့။ ကျွန်တော်"

"မကြာပါဘူးဗျာ။ ခဏလေး-ခဏလေး။ နာရီဝက် အတွင်း ပြန်လာမှာပဲ။ လာပါဗျာ။ ခင်ဗျားကလည်း ဈေးကိုင် မနေပါနှင့်။ ဒီအနားတင်ပါ။"

သွားရန်အချိန်မှာ ၁ နာရီခန့် လိုသေးသည်နှင့် 'အချိန်မှ ကုန်လွယ်ပါစေတော့' သဘောရကာ၊ ဒေါက်တာတင့်မောင် ကလည်း မရမကခေါ်နေသဖြင့် "ကဲဗျာ-ဒါဖြင့် လိုက်ခဲ့တာ ပေါ့။ ဒါပေမယ့် နာရီဝက်ကျော်ရင်တော့ စောင့်မနေဘူး။ ပြန်မှာပဲ။"ဟူသောခြွင်းချက်ဖြင့် လိုက်ခဲ့လေတော့သည်။

ဆရာဝန်လာခေါ်သူ နောက်သို့ ၂ ယောက်သား လိုက်ခဲ့ကြပြီး လူနာအိမ်ရှေ့သို့ ရောက်ကြသောအခါ ကိုဖေအုန်း၏ ခြေလှမ်းများသည် အလိုလိုတန့်သွားလေတော့သည်။ သူတို့ သွားရမည့်အိမ်မှာ မမြတင်တို့အိမ် ဖြစ်နေသည်။ 'ကလေးလူနာ ဆိုလျှင် မမြတင်၏သားကလေးပဲ ဖြစ်မည်။ ဤသို့ဆိုလျှင် မမြတင် သူ့သား မမာနေ၍ ချိန်းဆိုချက်ကို ပျက်ကွက်ပြန်ပြီ လော။'-ဟု စိတ်ထဲတွင် တထင့်ထင့်ဖြစ်သွားမိလေသည်။

"လာပါဗျာ-ခင်ဗျားကလည်း"ဟု ဒေါက်တာ တင့်မောင်က အတင်းဆွဲခေါ်မှ တွေဝေရင်း အိမ်ထဲသို့ လိုက်ခဲ့ ရပေသည်။

"ကြွပါဆရာ။ အထဲကိုကြွပါ။ ကလေးကို ကယ်ပါဦး ဆရာရဲ့။"ဟု ငိုသံပါကြီးနှင့် ဆီး၍ကြိုရှာသော မမြတင်၏ ဖခင်ကို တွေ့ရသဖြင့် ကိုတင့်မောင်လည်း အခန်းထဲသို့ တောက် လျှောက်ဝင်သွားလေရာ ကိုဖေအုန်းမှာ အိမ်ရှေ့ခန်းမှ ကုလားထိုင် တစ်လုံးတွင် ထိုင်ရစ်ခဲ့လေသည်။

အခန်းတွင်းမှ အားနဲ့ချည့်နဲ့သော ကလေး၏အသံညှင်း ညှင်းကလေးကို တစ်ချက်တစ်ချက် ကြားရပေသည်။

"မေ…မေ့"

ထို့နောက် ဒေါက်တာတင့်မောင်၏မေးသံ။ မမြတင်၏ အမေဖြေသံနှင့် အခြားအသံများကို ကြားရပေသည်။

"မေ‥မေ့"ဟူသော ကလေးသံကလေး ကြားရတိုင်း "သား‥သား‥သားရယ်"ဟူသော မထင်မရှား အသံတစ်ခုကို ကြားရပြန်သည်။

"မမြတင်ပဲ။"

ကိုဖေအုန်းသည် 'သူနှင့်ချိန်းချက်ထားသည့်အတိုင်း မမြတင် မလာနိုင်တော့။'-ဟု တွေးမိကာ၊ မသေချာသေးသော သူတို့အရေးကို စိတ်မောစွာတွေးလိုက်မိသည်။

'အရေးထဲကျမှ ဒီကလေးကလည်း'ဟု စိတ်တွင်းမှ မကျေမနပ် ရေရွတ်မိတော့သည်။

သူ့စိတ် မငြိမ်မသက်ဖြစ်လာသည်နှင့် ထပြန်တော့မည် အပြုတွင် အခန်းတွင်းမှ ဒေါက်တာတင့်မောင်၏အသံဖြင့်



mgyone.com

SAMPLE BOOK

''အဆေး ကိုဖေအုန်း''ဟု ခေါ်သံ ကြားရသဖြင့် ထလာခဲ့ရပြန်သည်။ သူ့စိတ်၌ မမြတင်ကိုပင် မကြည့်ချင်တော့။ ဘာကို ရယ်လို့ အတိအကျ သူကိုယ်တိုင်မသိသော အရာတစ်ခုကို မကျေမနပ်ဖြစ်နေတော့သည်။

သို့ရာတွင် အခန်းထဲသို့ရောက်လျှင် သူမျှော်လင့်သလို မမြတင်ကို မမြင်ရချေ။ ကလေးကို မမြတင်၏အမေက ပွေ့ထားပေသည်။ ရေနံဆီမီးခွက်ကလေး တစ်ခွက်သည်လည်း ဖျော့တော့စွာလင်းလျက် ရှိပေသည်။

''မေ…မေ့''

''အင်း-အင်း သားသားရယ်''

ကလေးသည် ချည့်နဲ့စွာ တစ်ချက်တစ်ချက်အားယူ၍၊ မျက်လုံးကလေး ပုတ်ခတ်ပုတ်ခတ်နှင့် နှုတ်ခမ်းကို လှုပ်ရုံမျှဖွင့်၍ တမ်းတနေရှာသည်။

သူ့အဖွားသည် ညိုးငယ်စွာ မြေးကလေးကို ယုယုယယပွေ့ရင်း ကလေးက ခေါ်လိုက်တိုင်း ကြေကွဲစွာ ထူးနေရှာသည်။

ထိုအခြင်းအရာကို မြင်လိုက်သောကိုဖေအုန်းမှာ ဘာကိုမျှ မတွေးတောနိုင်မိ။ ရင်တွင်း၌ ဖျင်းခနဲ ပူသွားသလို ခံစားလိုက်ရလေသည်။ ချည့်နဲ့လှသော ကလေးသည် လည်းကောင်း၊ မျက်ရည်များဝိုင်းနေသဖြင့် အရောင်တောက်လျက်ရှိသော အဖွား၏မျက်လုံးများသည် လည်းကောင်း ကိုဖေအုန်းအား ကြေကွဲဖွယ်ရာပုံပြင်တစ်ခုကို ပြောပြနေသကဲ့သို့ ရှိလေသည်။

'မေ…မေ့' ဟူသော ကလေးသံသဲ့သဲ့ကလေးသည် ကိုဖေအုန်း၏ရင်ကို အပြေးအပြေးဝင်ဆောင့်နေတော့သည်။

''သူ့အမေက ဘယ်သွားလို့တုံး မရှိဘူးလား။''

ကိုဖေအုန်းသည် စိတ်တွင်းမှ ရပ်တည်ရာမရတိုင်း မေးလိုက်မိသည်။ အဖြေကား မပေါ်လာ။

မေးသံကြားရာသို့ မော့်ကြည့်လိုက်သော အဖွားကြီး၏ မျက်လုံးအိမ်အတွင်းမှ မျက်ရည်များ တသွင်သွင်ကျဆင်းလာသည်ကိုသာ မြင်ရလေတော့သည်။

ကလေးသံ သဲ့သဲ့ကလေး၏ဒဏ်ကြောင့် သွေးတိုးမမှန်အောင်ဖြစ်နေသော ကိုဖေအုန်း၏ အသည်းနှလုံးပေါ်သို့ အဖွားကြီး၏မျက်ရည်တို့သည် တပေါက်ပေါက်ကျဆင်းနေတော့၏။

အတန်ကြာလျှင် အသက်ကို ခပ်ပြင်းပြင်း ရှိုက်၍ ရှူလိုက်ပြီး မှုတ်ထုတ်လိုက်ကာ ''ကိုတင့်မောင် ခွင့်လွှတ်ပါဗျာ။''ဟု ငုံးတိတိပြော၍ အခန်းအတွင်းမှ လျင်မြန်စွာ ထွက်ခွာခဲ့လေသည်။

ဘုရားပွဲတော်ကြီးမှာ မီးတွေထိန်ထိန်လင်းလျက် ပွဲခင်းကြီးတစ်ခုလုံး အုတ်အုတ်သဲသဲစည်ကားလှသည်။

ကိုဖေအုန်း၏ မျက်စိထဲတွင်မူ မိုတ်တုတ်မိုတ်တုတ်လင်းလျက်ရှိသော ရေနံမီးခွက်ရောင်ဝယ် ကြေကွဲဖွယ်မြေးအဖွားမှလွဲ၍ ဘာမျှ မမြင်တော့ချေ။

သူ ပွဲခင်းတွင်းသို့ ရောက်ခဲ့လေပြီ။ သူ့အဖို့ အရေးကြီးသောကိစ္စတစ်ခုကို ဆောင်ရွက်ရန်ရှိသလို ပျာယီးပျာယာနှင့် မမြတင်ကို ရှာရလေတော့သည်။

''မောင်။ ကိုအုန်း။ အမလေး-စောင့်လိုက်ရတာ မောင်ရယ်။ မြဖြင့် လာမှ လာပါဦးမလားလို့ တထင့်ထင့်နှင့်။ ကဲ-သွားကြစို့။''

ကိုဖေအုန်းသည် မမြတင်အား လက်မောင်းရင်းမှ ခပ်တင်းတင်းဆွဲကိုင်လိုက်ပြီး၊ ''လာ''ဟု တစ်ခွန်းတည်းပြောကာ ပွဲခင်းအပြင်ဘက်ဆီသို့ ဆွဲခေါ်ခဲ့လေသည်။

''မောင်-မောင်။ ဒါဘယ်ကိုလဲ။''

ကိုဖေအုန်းသည် ဘာမှပြန်မပြောချေ။ ခက်ထန်နေသော သူ့အသံနှင့် အမူအရာများကို နားမလည်နိုင်သော မမြတင်မှာ ကိုဖေအုန်းဆွဲခေါ်ရာသို့ ဆုတ်ကန်ဆုတ်ကန်ပါလာခဲ့ရာ တဖြည်းဖြည်း အိမ်ရှေ့သို့ ရောက်မှန်းမသိရောက်ခဲ့သည်။

မမြတင်သည် ရုတ်တရက် ခြေလှမ်း တုံ့သွားပြီး

''ကိုအုန်း-ကိုအုန်း။ ဒါက ဘာသဘောလဲ မောင်ရဲ့။ မြဖြင့် နားကို မလည်တော့ဘူး။''ဟု ငိုမဲ့မဲ့ပြောလိုက်၏။

''မေးမနေနှင့်။''

ကိုဖေအုန်းသည် မမြတင်ကို ခပ်ကြမ်းကြမ်းဆွဲ၍ အိမ်ထဲသို့ ဝင်ခဲ့ပြီးနောက် အခန်းပေါက်သို့ရောက်အောင် ဆောင့်တွန်း၍ ပို့လိုက်လေ၏။

နောက် အတန်ကြာအောင် ရပ်ကြည့်နေပြီးမှ သူ့လက်ဖဝါး ၂ခုကို ဖုံခါသလိုခါလိုက်ပြီး၊ ချာခနဲလှည့်ထွက်ခဲ့လေ၏။

ကိုဖေအုန်းသည် မမြတင်ကို မယူဖြစ်တော့ချေ။ ။

တာရာမဂ္ဂဇင်း၊ အတွဲ ၂ အမှတ် ၇



mgyoe.com

mgyoe.com
SAMPLE BOOK

အေးချမ်းသောရာသီဥတုတွင် ထိုင်းမှိုင်းသော သွေးကို ရှင်လန်းစေရန် သောက်ခြင်းကို အပြစ်မရှိဟု ဆိုနိုင်သော်လည်း လူ့ကျင့်ဝတ်တရားဖြစ်သော ပါးပါးသီလ မလုံခြုံသည်ကိုတော့ ဝန်ခံရမည်။

## အသီးအပွင့်

အပြင်ဘက်တွင် လေရောမိုးရော ကြမ်းချင်တိုင်းကြမ်း၍၊ ရမ်းချင်တိုင်း ရမ်းနေသော်လည်း၊ တံခါးများကို အလုံပိတ်၍ စိတ်ချလက်ချ စကားတပြောပြောနှင့် ဘရန်ဒီသောက်နေကြသော ကိုစိုးလင်းနှင့် ကျွန်တော်တို့မှာ အတော်ကို ဇိမ်တွေ့နေကြပါသည်။ လူချင်း မတွေ့ကြရသည်မှာလည်း ကာလ အတော်ကြာသွားပြီဖြစ်၍ ကွဲကွာနေခဲ့သည့်အချိန်တွင် ဖြစ်ပျက်ခဲ့သမျှ သူ့အကြောင်း၊ ကိုယ့်အကြောင်းများကို ရောက်တတ်ရာရာ ပြောနေမိကြ၏။ သောက်ရင်းက ကျွန်တော် စဉ်းစားမိသည်။ အရက်ကို အဘယ်ကြောင့် ဘာသာတရားက တားမြစ်လေသနည်း။

သာမန်အားဖြင့် ပြောရမည်ဆိုသော် အရက်သေစာသောက်စားခြင်းဖြင့် ရတနာ ၃ပါးကိုမေ့လျော့၍ မကောင်းမှုကို ပြုလွယ်စေသောအခြေအနေသို့ ရောက်နေသောကြောင့်ပင် ဆိုရပေမည်။ အကယ်၍ ရတနာ ၃ ပါးကိုလည်း မမေ့မလျော့ဘဲ မကောင်းမှုကို ပြုမိသည်အထိလည်း သတိမလစ်ဟင်းလျှင် အရက်သောက်စားခြင်းကို ခွင့်လွှတ်နိုင်စရာ မရှိပါလော။

ကျွန်တော် ဤသို့ အတွေးစူးရောက်လျက်ရှိစဉ်၊ ကိုစိုးလင်းက

"ခင်ဗျား ကိုရွှေသန်းကြီးနှင့် တွေ့သေးလား။"ဟု မေးလိုက်သောကြောင့် ကျွန်တော့်ဦးနှောက်ထဲသို့ သတိသစ်တစ်ခု ဝင်လာခဲ့ပါသည်။

'ကိုရွှေသန်း'ဆိုသူမှာ ကျွန်တော်တို့ကဲ့သို့ပင် အေးအေးချမ်းချမ်းသောက်တတ်သော ပုလင်းသမားပင် ဖြစ်ပါသည်။ သို့ရာတွင် သူက ကျွန်တော်တို့ထက် များများသောက်နိုင်သော အရည်အချင်းတစ်ခု ပိုပါသည်။ မည်မျှပင်သောက်၍ မူးနေစေကာမူ သတိမလွှတ်ခြင်း၊ စကားမများခြင်းမှာ ကိုရွှေသန်း၏ သိက္ခာတစ်ရပ် ဖြစ်ခဲ့ပေသည်။

"အေးဗျာ-မတွေ့ရသေးဘူး။ ခုလိုများ မိုးအေးအေးနှင့်ဆိုတော့ ကိုရွှေသန်းကြီး ဘယ်လောက်များ သောက်လိုက်မလဲလို့ တွေးမိတယ်။"

"ဪ-ခင်ဗျားက မသိသေးဘဲကိုး။ ကိုရွှေသန်းကြီး အခု အရက်မသောက်တော့ဘူး။"

"ဟာ-မဟုတ်တာကြီးဗျာ။"

"ဟုတ်ပါတယ်ဗျ။ ကိုရွှေသန်း အရက်ကို လုံးလုံးပြတ်သွားပါပြီ။ အေးလေ ခင်ဗျားလည်း ဘယ်ယုံနိုင်လိမ့်မလဲ။ ဒါပေမယ့် အခု သူ မသောက်တော့တာတော့ အမှန်ပဲ။ ကျွန်တော့်ဆီကိုတောင် သိပ်မလာတော့ဘူး။ လာတဲ့အခါလည်း ပုလင်းထုတ်လာတာမြင်ရင် လစ်တော့တာပဲ။ တကယ် တကယ်"

'ကိုရွှေသန်းတစ်ယောက် စိတ်နှောက်သွားရှာပြီ။'ဟုပြောလျှင် ကျွန်တော့်အဖို့ ထိုထက်ပိုမို၍ အံ့သြနိုင်မည် မထင်မိပါ။ ကိုရွှေသန်းသည် ဘယ်လောက်မူးမူး ငြိမ်ငြိမ်သက်သက်ရှိလှသောကြောင့်သာ 'ယစ်ထုပ်ကြီး'ဟူသောအမည် တွင်ခဲ့ခြင်း ဖြစ်သည်။


mgyoe.com

mgyoe.com



SAMPLE BOOK



**'မီးလောင်ပေါက် ခပ်ကြီးကြီးပါသော ခါးဝတ်ပုဆိုး' ဆိုသည်မှာ '၅ပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်။' ဟူသောအဆိုကို ညွှန်း၍ ပြောလိုက်သောစကား ဖြစ်၏။**

တော်ရုံတန်ရုံ ယစ်ထုပ်တစ်ယောက်သည် အရက်ကို ကိုရွှေသန်းလောက် နှစ်နှစ်ခြိုက်ခြိုက် သောက်တတ်လိမ့်မည် မဟုတ်သည်ကို ကျွန်တော်ကိုယ်တိုင်သိသောကြောင့်ဖြစ်၏။

ကိုရွှေသန်းဆိုမှပဲ ကျွန်တော်သတိရတော့သည်။ စောစောက ကျွန်တော်တွေးနေခဲ့သော 'သတိမလစ်ဟင်းလျှင် အရက်သောက်စားခြင်းကို ခွင့်လွှတ်နိုင်စရာ မရှိပါလော။' ဟူသောပြဿနာကို ကိုရွှေသန်းသည် အနိုင်အမာဖြေဆိုခဲ့သူ ဖြစ်လေသည်။

''သောက်ချင်သောက် မမူးစေနှင့်။ မူးချင်မူး မရမ်းနှင့်။ ဒါပဲ။ အဲဒီအထိ ဘာအပြစ်မှ မရှိဘူး။'' ဟု သူဆိုခဲ့သည်။ အရက်သောက်တာတစ်ခုမှလွဲ၍ ကိုရွှေသန်းသည် အလွန် တည်ကြည်ဖြောင့်မတ်သော သူတစ်ယောက် ဖြစ်သည်။ သူ မကြာခဏ ပြောလေ့ရှိသော 'မီးလောင်ပေါက် ခပ်ကြီးကြီးပါသော ခါးဝတ်ပုဆိုး' ကို ပြေး၍ သတိမိရသဖြင့်၊ တွေးရင်းက ပြုံးမိသေးသည်။

'မီးလောင်ပေါက်ခပ်ကြီးကြီးပါသော ခါးဝတ်ပုဆိုး' ဆိုသည်မှာ '၅ပါးပဥ္စသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရမည်။' ဟူသော အဆိုကို ညွှန်း၍ ပြောလိုက်သောစကား ဖြစ်၏။

သူ အရက်သောက်ခြင်းကို မနှစ်သက်၍ တားမြစ်မည့်သူလည်း မရှိ။ သူကိုယ်တိုင်ကလည်း အပြောနှင့်အဟော ညီညွတ်အောင် အပြစ်ကင်းစွာ သောက်တတ်သည့်အပြင်၊ သူ အရက်သောက်ခြင်းမှာ ကြိုက်၍ သောက်ခြင်းဖြစ်သောကြောင့်၊ အရက်ပုလင်းကို မြင်လျှင် သူ ဘာကြောင့် ပြေးရသည်ကို မစဉ်းစားတတ်အောင် ဖြစ်နေတော့သည်။

ကိုစိုးလင်း၏စကားကို မယုံတစ်ဝက်ယုံတစ်ဝက်နှင့်ပင်

''ဟုတ်ရဲ့လားဗျာ။ သူ့ကို ဘယ်သူက အရက်ဖြတ်နိုင်းလို့ပါလိမ့်မလဲ။''

''ကျွန်တော်သိသလောက်တော့ ခုအချိန်အထိ သူ့ကို ချုတ်ချယ်မယ့်လူမမြင်ပါဘူးဗျာ။ သူ့သဘောနှင့်သူ ဖြစ်မှာပါပဲ။ ဒီလိုပေါ့ဗျာ။ သတ္တဝါဆိုတာ ကျွတ်ချိန်တန် ကျွတ်ရမှာပဲပေါ့။''

''ဒါတော့ ဒါပေါ့ ကိုစိုးလင်း။ ဒါပေမယ့် သူလိုလူ တစ်ယောက်က ကျွတ်သွားတာတော့ ကျွန်တော့်အဖို့ အဆန်းထင်မိတယ်။ ယုံတောင် သိပ်မယုံသေးပါဘူးဗျာ။''

''မယုံ မရှိနှင့်ဗျ။ ကျွန်တော်လည်း ခင်ဗျားလိုပဲ အံ့သြခဲ့ရတဲ့ လူတစ်ယောက်ပါပဲ။ ခင်ဗျား သူနှင့်တွေ့တော့ ယုံပါလိမ့်မယ်။ ခုတော့ ခါတိုင်း အတူသောက်နေကျလူတွေ ခါတိုင်းအချိန်မှာ သူ့အိမ်သွားရင်တောင် အတွေ့မခံဘူးဆရာ။ 'ဆရာအပြင်ထွက်သွားတယ်။' လို့ပြောဖို့ သူ့တပည့်ကလေးကို မှာထားသတဲ့ဗျ။ ဒီထိအောင်''

''အေးဗျာ-တွေ့ချင်သေးတယ် သူနှင့်။''

နောက်တစ်ရက်ညနေစောင်းတွင် ကျွန်တော်တစ်ယောက်တည်း ကိုရွှေသန်းအိမ်ဘက်သို့ လျှောက်ခဲ့ပါသည်။

လမ်းတစ်လျှောက်လုံး 'အရက်ဖြတ်ထားသော ကိုရွှေသန်းအား ဘယ်လိုမြင်ရမည်။' ကိုသာ စိတ်ကူးနှင့် ကြည့်လာခဲ့သော်လည်း၊ ကိုရွှေသန်းကို တွေ့ရသောအခါ 'တစ်စုံတစ်ရာ ထူးခြားသည်။' ဟု မထင်ပါ။ ယခင်အခါများကကဲ့သို့ပင် သူ၏ အမူးမပြေ့တပြေမျက်နှာကြီးကို မြင်လိုက်ရပါသည်။

''ဒါကြောင့် ကျွန်တော်လည်း တွေးနေတာပါ။ သေပြီဆိုရင်လည်း အနည်းဆုံး တစ္ဆေတော့လာခြောက်ရဦးမယ်လို့တောင် ပြောမိသေးတယ်။ ဘယ့်နှယ်-ပျောက်ချက်သား ကောင်းလှပါကလား။ ဘယ်တုန်းက ရောက်လာတာလဲ။ ဘယ်မှာတည်းလဲ။''

''မနေ့ကပဲ ကိုရွှေသန်း။ ကိုစိုးလင်းနှင့် တည်းလိုက်တယ်။ မနေ့ကတည်းက ခင်ဗျားဆီ လာမလို့ပဲ။ မိုးတွေသိပ်ရွာနေတာနှင့်။''

''အေးလေဗျာ-မသေ၊မနာတွေ့ရတာ ဝမ်းသာပါရဲ့။ ဒါနှင့် ကျုပ်အိမ်မှာတည်းလည်း ရပါတယ်ဗျ။ ကိုစိုးလင်းအိမ်က လူ မရှုပ်ဘူးလားဗျာ။ ဒီမှာ လာတည်းရောပေါ့။''

''ကောင်းသားပဲ။ ဒါပေမယ့် ဟိုမှာလည်း ကောင်းပါတယ်ဗျာ။ ဒါထက် ခင်ဗျာလည်း အခု အကျွတ်တရား ရနေပြီဆို။''

ကိုရွှေသန်းသည် ခပ်လေးလေးရယ်ရင်း

''ကိုစိုးလင်းက ပြောလိုက်သလား။ ဟုတ်တယ်ဗျာ။ အရက်သောက်တာ မကောင်းလွန်းလို့။'' ဟု ဆိုပါသည်။

''ခင်ဗျားပဲ 'အရက်သောက်တာ အပြစ်မရှိဘူး။' ဆို။ အဟုတ်မှတ်လို့ ကျုပ်တို့ကလိုက်သောက်ပြီး တော်တော်လေးလည်း ကြိုက်လာရော၊ ခင်ဗျားကပဲ မကောင်းလွန်းလို့ရယ်လို့ ဖြစ်ရပြန်ပြီလား။ ဘာသဘောလဲဗျ။''

ကိုရွှေသန်း ဘာမျှမပြောပါ။ ရယ်ရုံသာ ရယ်နေပါသည်။



mgyoe.com

SAMPLE BOOK

ထိုနောက် အတန်ကြာအောင် အခြားစကားများကို ပြောနေကြပြီး စကားလက်ဆုံကျသည်နှင့် ကိုရွှေသန်းက ထိုည အဖို့ သူ့အိမ်တွင်အိပ်ရန် အကြံပေးသည်။

ကျွန်တော်လည်း ငြင်းဆန်ရန် ဆန္ဒမရှိလှသည်နှင့် သူ့ တပည့်လေးအား စာနှင့် လွှတ်၍ ကိုစိုးလင်းထံ အကြောင်းကြား လိုက်ရတော့သည်။

ကောင်ကလေးအပြန်တွင် ကိုစိုးလင်းက မနေ့ညက တစ်ဝက်သာသာကျန်နေသေးသော ဘရန်ဒီပုလင်းကို ထည့်ပေး လိုက်သည်။

'အရက်မသောက်တော့ဘူး။' ဆိုသော ကိုရွှေသန်းအိမ် တွင် အိပ်မည်။' ဆိုသောကြောင့် 'ကိုယ့်လူ ဝေတ်နေမည်စိုး၍' ဟု ပုလင်းပတ်စက္ကူတွင် စာရေးပေးလိုက်သေးသည်။ 'ပုလင်းကို မြင်လိုက်လျှင် လစ်တတ်သည်။' ဆိုသော ကိုရွှေသန်းကို အမှတ်တမဲ့ လှမ်းကြည့်လိုက်မိသော်လည်း သူ့အမူအရာမှာ မထူးခြားရုံမက

"ကိုစိုးလင်းကလည်းဗျာ ဒုက္ခရှာလို့။ ကျုပ်လည်း ဒါလောက်တော့ ညှော်ဝတ်ကျေတတ်ပါတယ်။" ဟုပင် ပြောလိုက် သေးသည်။

"ဒါနှင့် ခင်ဗျားက အခု မသောက်တော့ဘူးဆို။"

ကိုရွှေသန်း ဘာမှမပြောဘဲ အိတ်ထဲမှပိုက်ဆံကို ထုတ်ယူရင်း "ထွန်းမောင်ရေ" ဟု သူ့တပည့်ကို အသံပြု လိုက်၏။

မကြာမီ ထွန်းမောင် ရောက်လာသဖြင့် "ကုလားဆိုင် သွားပြီး ရေခဲနှင့် ဆိုဒါ သွားယူစမ်းပါဦးကွာ။ မနေ့က ပုလင်း တွေလည်း ပြန်ပေးခဲ့။" ဟု ပြောပြီး ကျွန်တော့်ဘက်သို့လှည့်ကာ "ဘီယာ ယူဦးမလား။" ဟု မေးပါသည်။

"ကိုရွှေသန်း။ နေပါစေဗျာ၊ ခင်ဗျားမသောက်ဘဲနှင့် တော့ သိပ်လုပ်မနေပါနှင့်။ ကျုပ်လည်း များများမသောက်ချင်ပါ ဘူး။ ဒါနှင့် မနေ့ကပုလင်းတွေကို ခင်ဗျားဘာလုပ်တာလဲ။"

"ဘာလုပ်လုပ်လေ။ ကဲ-ထွန်းမောင် ပြေး။ မြန်မြန် ပြန်လာ။ တံခါးပိတ်ခဲ့။ ခင်ဗျား ရေချိုးဦးလေ။ ကျုပ်လည်း ရေချိုးလိုက်ဦးမယ်။ လာဗျာ။"

မကြာမီ ၂ ယောက်စလုံး ရေချိုးပြီး၍ ထွန်းမောင်ယူ လာသော ဆိုဒါနှင့် ရေခဲရေများကိုယူကာ ကိုရွှေသန်း၏စာကြည့် ခန်းသို့ ဝင်ခဲ့ကြသည်။

"ကျုပ် မသောက်တော့ဘူးဆိုတာ ကိုစိုးလင်းတို့ ကတော့ ယုံတယ်။ ခင်ဗျားကော ယုံရဲ့လား။"

"ပြောတာကိုး။ မယုံလည်း ဘယ့်နှယ်လုပ်မလဲ။"

ကိုယ့်အိမ်မှာကိုယ် လူမသိအောင်

သောက်နေရတယ်။

ကြိုက်တော့လည်း မနေနိုင်ဘူးပေါ့ဗျာ။

ကျုပ် သက်န်းတောင်စည်းဖို့

စိတ်ကူးမိတယ်။

အရက်ကြောင့် မစည်းဖြစ်တာ

ကဲ-သောက်ဗျာ။

"ကျုပ် အိမ်ကလွဲရင် ဘယ်မှာမှ မသောက်တော့ဘူး ဆိုတာတော့ မှန်တယ်။ ဒါပေမယ့် အိမ်မှတော့ အရင်လိုပဲ ကြိတ် တာပဲ။ သူများတော့ မပြောပါနှင့်နော်။"

ကျွန်တော်ရယ်လိုက်ပြီး

"ဆန်းလှချည်လား။ ခင်ဗျားဟာက ဘာဖြစ်လို့လဲ။"

"အေးဗျာ-မဆန်းနှင့်တော့။ ဟိုအိမ်ဒီအိမ်လည်ပြီး မသောက်ဝံ့အောင် ဖြစ်နေလို့ပဲ။ အရက်သောက်တတ်တာ သိရက် သားနှင့် ခေါ်လို့ ဝင်မသောက်ပြန်လည်း မကောင်းဘူးဗျ။ ဒီတော့ ကျုပ် 'လှူထားတယ်' ဆိုပြီး ကိုယ့်အိမ်မှာကိုယ် လူမသိအောင် သောက်နေရတယ်။ ကြိုက်တော့လည်း မနေနိုင်ဘူးပေါ့ဗျာ။ ကျုပ် သက်န်းတောင်စည်းဖို့ စိတ်ကူးမိတယ်။ အရက်ကြောင့် မစည်း ဖြစ်တာ။ ကဲ-သောက်ဗျာ။"

ကျွန်တော် ကိုရွှေသန်းကို ကြည့်ပြီး အံ့သြနေမိသည်။ သူ အရက်မပြတ်သေးသည်ကို များစွာမအံ့သြမိသော်လည်း၊ သူ့ စကားများကို ကြားရသောအခါ 'ဘာကြောင့်ပါလိမ့်။' ဟူသော သိချင်စိတ် ပေါ်ပေါက်လာပါသည်။

"ညနေက ခင်ဗျားကို ဒီမှာအိပ်ဖို့ မပြောခင် ကျုပ် စိတ်ကူးရတယ်။ ကျုပ်သောက်တာကို ခင်ဗျား အသိပေးရမလား ဆိုတာ စဉ်းစားပြီးမှ၊ တွေ့တဲ့အခါ အေးအေးဆေးဆေးလည်း စကားပြောချင်တာနှင့် အသိပေးဖို့ ဆုံးဖြတ်လိုက်တယ်။ အသိပေး မိမှတော့လည်း 'ဘာဖြစ်လို့လဲ' ဆိုတာ မပြောပြပြန်ရင် ခင်ဗျား သိချင်စိတ် မရှင်းမလင်းဖြစ်တာနှင့် ဟိုမေးဒီမေးတော့ ပေါ်သွား ပြန်မှာစိုးလို့ အကုန်ပြောမလို့ စိတ်ကူးထားတယ်။ အဲဒါ ခင်ဗျား 'ဘယ်သူ့ကိုမှ ပြန်မပြောပါဘူး။' ဆိုတဲ့ ကတိတစ်ခုသာ ပေးစမ်း။"

"ကတိ"

"အေးလေ-ခင်ဗျားကတော့ ခဏလာတဲ့လူဆိုတော့ တော်တော်ကြာ ပြန်သွားရင် ပြီးတာ။ ကျုပ်က ဒီမှာဆက်ပြီး လျှို့ဝှက်ရဦးမှာကိုး။"

"သြော်-ဒါကြောင့်လား။ ကဲ-မပြောပါဘူးဗျာ။"



mgyee.com

mgyoe.com SAMPLE BOOK

**အိမ်ကမယားကြီးကိုလည်း**
**အစေခံလောက်သာ သဘောထားတဲ့လူ။**
**ကျုပ်နေတဲ့အိမ်က ကောင်မလေးကလည်း**
**မိကောင်းဖခင်သားသမီးထဲကပေမယ့်**
**အစောင့်အရှောက်ကလည်း သိပ်မရှိ။**
**'မုဆိုးမသမီး'ဆိုတဲ့နာမည်နှင့်လည်း**
**မျက်နှာငယ်နေတော့ ငနဲကလည်း ခပ်ပြောင်ပြောင်**
**ပိုးရဲတာပေါ့။**

ကိုရွှေသန်းသည် တတိယံမွှိ အရက်ဖန်ခွက်ကို အပြီး သတ်လိုက်ပြီးနောက် စီးကရက်တစ်လိပ်ကို မီးညှိ၍ လှည့်ပတ်ကြည့်ရင်း၊ 'ဟဲ-ဟဲ'ဟု သူ့ဘာသာ သူသာ နားလည်နိုင်သော အရယ်ဖြင့် ခပ်အေးအေးရယ်လိုက်ပါသည်။

"ပြောရမှာတော့ တယ်မကောင်းဘူးဗျ။ ဒါပေမယ့် ပြောရသေးတာပေါ့လေ။ လွန်ခဲ့တဲ့ မေလထဲက ကျွန်တော် ကောလင်းကို ပြောင်းရတယ်ဆိုတာ ခင်ဗျားဆီကိုတောင် စာရေးမိသေးတယ် ထင်တယ်။ အေး-အဲဒီတုန်းကပေါ့ဗျာ။ ကျွန်တော် ဟိုရောက်တော့ အရင်ကခင်မင်ဖူးတဲ့ သစ်ကုန်သည် ဦးတင်ရဲ့ အိမ်မှာ တည်းရတယ်။ ဦးတင်ကတော့ ဂျပန်လက်ထက်ကဆုံးလို့ သူ့မိန်းမ ဒေါ်ဘွင့်နှင့် သမီးကလေး အပျိုအရွယ်တစ်ယောက်ပဲ ရှိတော့တယ်။ ဒါနှင့် သူတို့ကလည်း အစောင့်အရှောက် လိုနေတုန်း ကျုပ် ရောက်သွားတော့ တစ်အားပေါ့ဗျာ။ ဝမ်းသာကြလွန်းလို့ ပြုံးစုရှာကြပါတယ်။ ကျုပ်ကလည်း ခင်ခင်မင်မင်ပဲ စောင့်ရှောက်ရတာပေါ့လေ။"

"ကောင်မလေးက ဘယ်အရွယ်လောက်ရှိပြီလဲ။ ခပ်ချောချောကလေးပဲ ဆိုပါတော့။ ဟုတ်လား။"

"သိပ်တော့ မငယ်လှဘူးဗျ။ ၁၉နှစ်လောက် ဆိုပါတော့။ ချောတယ်ရယ်လို့တော့ မဟုတ်ဘူး။ အတော်ကလေး ကြည့်ကောင်းတယ် ခေါ်ရမှာပေါ့လေ။ မရယ်ပါနှင့်ဗျာ။ ကျုပ်ပြောတာ ဆုံးအောင် နားထောင်စမ်းပါဦး။ ဒါနှင့် အဲဒီ ကောင်မလေးကို ပိုးနေတာက မယားလက်ရှိနှင့် လူတစ်ယောက်ဗျ။ ယစ်မျိုးရာဇဝတ်အုပ် ကိုကျော်ဇော တဲ့။ လူချစ်လူခင်တော့ ပေါပါရဲ့ဗျာ။ ဒါပေမယ့် လူရမ်းကားတစ်ယောက်ဗျ။ သောက်တာစားတာကစားတာဆိုတာတော့ ထားဦး။ တွေ့ရာမှာ မိန်းမ ယူတတ်တဲ့ လူစားဗျ။ အိမ်ကမယားကြီးကိုလည်း အစေခံလောက်သာ သဘောထားတဲ့လူ။ ကျုပ်နေတဲ့အိမ်က ကောင်မလေးကလည်း မိကောင်းဖခင်သားသမီးထဲကပေမယ့် အစောင့်အရှောက်ကလည်း သိပ်မရှိ။ 'မုဆိုးမသမီး'ဆိုတဲ့ နာမည်နှင့်လည်း မျက်နှာငယ်နေတော့ ငနဲကလည်း ခပ်ပြောင်ပြောင် ပိုးရဲတာပေါ့။ သူ ဒီလိုပိုးတာကတော့ 'ကျုပ်အကြောင်းနှင့် မဆိုင်ဘူး' ဆိုပါတော့လေ။ ဒါပေမယ့် ကျုပ်နေတဲ့အိမ်က ကောင်မလေးကို သူပိုးတော့ သူနှင့်ကျုပ် ခင်သွားကြရတာပေါ့။

"ခင်တယ်ဆိုရင်ပဲ ခင်ဗျား စဉ်းစားကြည့်လေ။ သူနှင့်ကျုပ် ဘယ်လိုနေရာမှ မတူပေမယ့် သောက်ရာကျတော့ သူကလည်းဗိုး၊ ကျုပ်ကလည်းဗိုး ကိုးဗျ။ အသိဖြစ်လို့ ဘာကြာလဲ။ တစ်စားပွဲတည်း ထိုင်ပြီး ခင်လိုက်ကြတာ။ နောက်တော့ နေ့တိုင်းလိုလိုပဲ သူ့အိမ် ခေါ်ခေါ်တိုက်တော့တာပဲဗျို့။ ယစ်မျိုးဘက်က ဆိုတော့လည်း လှိုင်ပါပေတယ်ဗျာ။ သောက်ချင်တာ အဆုံးရတာပဲ။ ဒါတင် ဘယ်ကမလဲ။ သူ့မိန်းမ 'မမြရင်'ဆိုတာကလည်း သိပ်သဘောကောင်း သိပ်အေးရှာတဲ့ မိန်းမပါပဲဗျာ။ သူတို့အိမ်က လူလည်းနည်း၊ မိန်းမလုပ်တဲ့သူကလည်း မဆူမပူရုံမက လိုချင်တာ အကုန် လုပ်ပေးနေရှာတဲ့ အစေခံတစ်ယောက်လို ဖြစ်နေတော့ ကျုပ်အဖို့ ဒီလောက်အေးချမ်းတဲ့သောက်ခန်း ဘယ်မှာရှာလို့ ရနိုင်ပါ့မလဲဗျာ။

"ဒီလိုအေးအေးချမ်းချမ်း သောက်ရတာကိုပဲ သဘောကျလွန်းလို့ အကျင့်စာရိတ္တကို သိပ်မကြိုက်ဘဲနှင့် ဒီလူကို မခွဲနိုင်ဘူးဗျ။ နေဦး-ကိုကျော်ဇော သူ့မိန်းမကို နိုင်လိုက်ပုံ ပြောဦးမယ်။ ကြားထဲက ကျုပ်တောင် အားနာလာတယ်ဗျို့။ အရက်သောက်ရာက 'ဟဲ့-မရင်။ ဘာယူခဲ့။ ဟဲ့-မရင်။ ရေခပ်ပေး။' ဆိုတာ ခဏခဏခေါ်နိုင်းတာကို မငြိုမငြင်လုပ်ပေးရရှာတာထဲက ကြာနေရင် မာန်သေးတယ်။ ကျုပ်က တစ်ခါတလေ ဝင်ပြောလိုက်ရင် 'ခင်ဗျားမသိဘူးဗျ။ မိန်းမဆိုတာ ဒီလိုလုပ်နိုင်မှ တော်ရုံကျတယ်။'လို့တောင် သူက ပြောသေးတယ်။ ဒီလူကို ကျုပ် ဒီတစ်ခု တော်တော်ချဉ်မိတယ်။ ဒါပေမယ့် ကျုပ်အဖို့ကတော့ အချိန်ကျ အေးအေးဆေးဆေးသောက်ရလေတော့ ဒါတွေ ကန့်ကွက်နေဖို့ မလိုဘူးပေါ့ဗျာ။ 'လုပ်ချင်တာလုပ် သူ့မယားနှင့်သူ ဘယ်လိုဖြစ်ဖြစ်'ဆိုပြီး လျစ်လျူရှုထားလိုက်တာပဲ။

"ဒါနှင့် ကျုပ်တည်းတဲ့အိမ်က ကောင်မလေးကို သူပိုးနေတာက တော်တော်ကလေး ခရီးရောက်နေဟန် တူပါတယ်။ ကျုပ်လည်း ရောက်စကသာ စောင့်ရှောက်သလိုလို ဟန်လုပ်ခဲ့ပေမယ့် ကိုကျော်ဇောအိမ်မှာ သူ ရှိရှိ၊မရှိရှိ ဝင်မူးနေတာကများတော့ အိမ်မှာ ဘာဖြစ်နေမှန်းတောင် တစ်ခါတစ်ခါ မသိဘူး။ အဲဒါနှင့် ဟိုလူကလည်း နည်းနည်း အောင်မြင်သလိုဖြစ်နေတော့ ညနေ သူ့အိမ်မှာ ကျုပ်နှင့်သောက်ပြီး ကျုပ်အပြန် လိုက်လာ။ မိုးချုပ်မှပြန်။ ဒီလိုချည်း လမ်းပေါက်နေတာ။ တစ်ရက်တော့"



mgyoe.com

mgyoe.com SAMPLE BOOK

မပြရင်တာ

ရုတ်တရက် ထွက်မသွားသေးဘဲ

အခန်းထဲကို ခေါင်းပြူကြည့်ပြီး

'ဘီယာ ရှိသေးလား။'တဲ့ဗျာ။

ကျွန်တော်လည်း 'အငယ်တစ်လုံးရှိသေးတယ်။

ကျုပ်လည်း ဘီယာ မသောက်ပါဘူး။'လို့ ပြောတော့

ကိုရွှေသန်းသည် စကားဖြတ်၍ ပုလင်းကို ကိုင်ကာ နောက်ထပ် တစ်ခွက်စီ ထပ်ထည့်လိုက်ပြီး၊ ဆိုဒါပုလင်းကို ဖွင့်၍ လောင်းထည့်ပြန်၏။ ထိုနောက် စီးကရက်ကို မီးညှိပြန်သည်။

သူ အလုပ်များနေစဉ် ကျွန်တော်လည်း ဖြတ်ထားသော သူ့စကားကိုသာ စိတ်ဝင်စားစွာ စောင့်မျှော်နေမိသည်။

"အဲဒီနေ့က မိုးကလည်း ရွာလိုက်တာဗျာ။ ညနေက တည်းက ရွာလိုက်တာ မစဲဘူးဗျို့။ ကျုပ်ကလည်း ထီးမပါခဲ့။ သူ့အိမ်ကလည်း သူ့မိုးကာအင်္ကျီတစ်ထည်နှင့် ဦးထုပ်သာ ရှိတယ်။ မိုးလုံတဲ့ မိန်းမဆောင်းထီးကလေး တစ်လက်တောင် မရှိဘူးဗျာ။ ဒါနှင့် သူ့ဦးထုပ်ယူပြီး 'ပြန်မယ်'ဆိုတော့ ခက်တာက သူကလည်း လိုက်ချင်သေးတာ။ ဒါတင် ဘယ်ဟုတ်မလဲ။ မင်းသားက ဒီည ကျုပ်ကို တစ်နေရာဖယ်ထုတ်ပြီး၊ ကျုပ်တည်း အိမ်ကို သူက အလစ်ချောင်းဖို့ ကြံစည်ထားပြီးဆိုတော့ အကြိုက် ကျနေတာပေါ့လေ။

"သူ့အဖို့ ကျုပ် အိမ်ကို ပြန်ဖို့ထက် အရေးကြီး နေလေတော့ ပတ်ချွဲနပ်ချွဲနှင့် ၇ နာရီခွဲလောက်ကျတော့ ကျုပ်ကိုထားပြီး ကိုယ်တော်ချောက တစ်ယောက်တည်း ထွက်သွားပါရောဗျာ။ ကျုပ်ကတော့ အေးချမ်းတဲ့အခန်းနှင့် ပုလင်းရှိနေမှတော့ တယ်အရေးမထားပါဘူး။ 'ဒါကလေးနှင့်များ ဒီလောက်မိုးစိုကြီးထဲ ကိုယ့်ကိုယ်ကို အဆင်းရဲခံနိုင်ပါပေ့ ကိုယ့် လူရာ။'လို့တောင် အပြစ်တင်လိုက်ပါသေးတယ်။ သူလည်း ထွက်သွားရော ကျုပ်တစ်ယောက်တည်း မိုးကလေးတအေး အေးနှင့် တစိမ့်စိမ့်သောက်ရင်း ကျန်ခဲ့တာပေါ့လေ။ အင်း-

"ဒီလိုနှင့် ကျုပ်တစ်ယောက်တည်း သောက်နေတုန်း အခန်းဝက မပြရင် လာကြည့်တာကိုး။ 'ဘာများလိုချင်သလဲ။' မေးဖို့ပေါ့လေ။ ကျုပ်ကတော့ အားနာလွန်းတာနှင့် 'နေပါစေ။ မပြရင်။ ဘာမှမလိုပါဘူး။ အစုံရှိပါတယ်။'လို့ သူ မမေးခင် ပြောလိုက်တယ်။ ဒါပေမယ့် သူက ကျွန်တော့်ကိုကြည့်ပြီး 'သူကော'တဲ့။ ခပ်တိုးတိုး မေးတယ်။ ကျုပ်ကလည်း မပြရင် မသိချင် မသိပါစေနှင့်တော့ အောက်မေ့ပြီး၊ 'ခုပဲ ထွက်သွား တယ်။ ပြန်လာလိမ့်မယ် ထင်ပါရဲ့။ ဘယ်ကိုရယ်လို့တော့ ပြောမသွားဘူး။'လို့ လိမ်ပြောလိုက်တယ်။

"ဒါနှင့် မပြရင်ဟာ ရုတ်တရက် ထွက်မသွားသေးဘဲ အခန်းထဲကို ခေါင်းပြူကြည့်ပြီး 'ဘီယာ ရှိသေးလား။'တဲ့ဗျာ။ ကျွန်တော်လည်း 'အငယ်တစ်လုံး ရှိသေးတယ်။ ကျုပ်လည်း ဘီယာ မသောက်ပါဘူး။'လို့ ပြောတော့ သူ ဝင်လာရောဗျ။ ဝင်လာပြီး ဘီယာပုလင်းကိုဖွင့်ပြီး ဇိမ်နှင့် ထိုင်သောက်ပါလေ ရောဗျာ။

"ကျုပ်လည်း အံ့သြလို့ မဆုံးဘူးဗျို့။ မိန်းမ ဘီယာ သောက်တာဟာ အဆန်းမဟုတ်ပေမယ့်၊ မပြရင်လို မိန်းမတစ် ယောက်အဖို့တော့ 'အဆန်းပဲ'လို့ ထင်မိတာပေါ့။ ဒါနှင့် ကျွန်တော် ကလည်း 'သြော်-မပြရင်လည်း ဘီယာသောက်တယ်ကိုး။'လို့ တအံ့တသြပြောလိုက်မိတယ်။ ဒီတော့သူက 'ဒီလိုပါပဲတဲ့ ကျွန်မသောက်တတ်တာ ကြာပြီ။"တဲ့။ ကျွန်တော် သာပြီးအံ့သြ သွားတာပေါ့။ အံ့သြရုံတင် မကဘူးဗျာ။ အရင်က မပြရင်ဟာ ယဉ်ယဉ်ရွယ်ရွယ် ရှပ်ကလေးသနားကမားနှင့် လင်ဆိုးမယား ဖြစ်နေရှာတယ်ဆိုတာကို သနားမိသလိုလို ဖြစ်ခဲ့တာတောင် ဘယ်လိုဘယ်လို ဖြစ်သွားတယ်မသိဘူး။

"နောက် သူက 'ဘီယာ မရှိတော့ဘူးလား။'လို့ ထပ်မေးပြန်သေးတယ်။ 'မရှိတော့ဘူး။ မမူးသေးဘူးလား။'လို့ ကျွန်တော်ကမေးတော့ ခေါင်းယမ်းပြတယ်။ 'ဒီလောက်နှင့်တော့ မမူးပါဘူး။'တဲ့။ နောက် သူ့ယောကျ်ားအကြောင်းတွေ စပြီး လေလျှောက်ကြီး ပြောပါလေရော။ ကျုပ်လည်း 'တကယ်လို့ ကိုကျော်ဇောများ ပြန်လည်ရင် မပြရင် အကြိမ်းခံရလိမ့်မယ်။ သွားအိပ်ရင် ကောင်းမယ်။'လို့ပြောပေမယ့်၊ 'ကိစ္စမရှိပါဘူး။ သူ ဒီည မလာတော့ပါဘူး။'တဲ့။ 'မိုးချုပ်တာနှင့်တစ်ပြိုင်နက် သောက်စားပြီး ကစားဝိုင်းတို့, မယားငယ်တို့အိမ်မှာပဲ နေတာ ပဲ။'တဲ့။ 'သူကလည်း အိမ်မှာ တစ်ခါတစ်ခါ တစ်ယောက်တည်း ဆိုတော့ နေရတာ ကြောက်ကြောက်ရှိရင် မူးအောင်သောက်ပြီး အိပ်ရတာပဲ။'တဲ့။ ဒီလိုဆိုတော့လည်း ကျွန်တော် တကယ်သနား မိတယ်ဗျာ။ ကိုကျော်ဇောကိုလည်း တော်တော် အထင်သေးမိ တယ်ဗျာ။ ဟုတ်တော့လည်း ဟုတ်တယ်ဗျ။ ကိုကျော်ဇောလုပ်ပုံ တွေဟာ မပြရင်ဘာလုပ်လုပ် သူ့ရမ်းတာနှင့်စာရင် ခွင့်လွှတ် နိုင်စရာပဲ။

"စကားပြောရင်းက မပြရင်က 'ဘီယာကုန်ရင် ရမ် နည်းနည်းထည့်ပါ။'ဆိုတော့၊ ကျုပ်လည်း အမှတ်တမဲ့ပဲ ထည့် ပေးလိုက်တာပေါ့။ နောက် ကိုကျော်ဇောရမ်းပုံတွေ ဆက်ပြော ပြန်တယ်ဗျ။ အတော်ကလေးလည်း နားထောင်စရာကောင်းတာ နှင့် ကျုပ်လည်း တစိမ့်စိမ့်သောက်ရင်း နားထောင်နေမိတယ်။



mgyoe.com

mgyoe.com SAMPLE BOOK

ဘယ်လောက်ကြာတယ်၊ မမြရင်ကို ဘယ်နှခွက်ထည့်ပေးမိတယ်တော့ မသိဘူးဗျို့။ ကျုပ်လည်း မူးသလိုလိုရှိတာနှင့် ‘တော်မှ ထင်ပါရဲ့’လို့ အောက်မေ့ပြီး မမြရင်ကို ကြည့်လိုက်တော့ တော်တော်မူး နေပုံရတယ်။

“ဒါနှင့် ‘ကြာရင် မဖြစ်ချေဘူး။’ဆိုပြီး၊ မမြရင်ကို သွားအိပ်ဖို့ သတိပေးလိုက်ရတယ်။ နောက်ကျပြီဗျို့။ သူ ထိုင်ရာကထတော့ အတော်ကို ယိုင်နေပြီဗျ။ ကျုပ်စိတ်အထင်တော့ ဒါလောက်မူးတယ် မထင်ဘူး။ ဘီယာအငယ်တစ်လုံးနှင့် ရမ် ၂ ခွက်လောက်ပဲ ရှိမယ် ထင်တာပါပဲ။ ဒါပေမယ့် သူယိုင်လဲကျသွားတာနှင့် ကျုပ် ပြေးပြီးဖမ်းလိုက်ရတယ်။ နောက် သူ့ကို ထိန်းပြီး ထူပေးလိုက်တော့ ဣန္ဒြေလုပ်ပြီး မူးသံနှင့်ရယ်ရင်းက ‘ဟဲဟဲ-ကိစ္စမရှိပါဘူး။ ကျွန်မ မမူးပါဘူး။’လို့တောင် ပြောသေးတယ်ဗျ။ ဒါပေမယ့် ဟိုယိမ်းဒီယိုင်နှင့်ဖြစ်နေတော့ ကျုပ်က တွဲပြီး လိုက်ပို့ရတာပေါ့။ ဆိုးလိုက်ပုံများတော့ မပြောပါနှင့်တော့ဗျာ။ ဒီအထဲမှာ မချောက လုံချည်ကျွတ်လိုက်သေးတယ်။ ဖြစ်ရပုံများတော့ ကိုယ့်လူရေ။ အဲဒါသာ ကြည့်တော့။”

ကိုရွှေသန်းသည် ဖန်ခွက်ထဲက ဘရန်ဒီကို အပြီးသတ်လိုက်ပြီးနောက် ပုလင်းကို ကိုင်ပြန်သဖြင့်

“ဟော့-ဆရာကြီး။ ကျုပ်တော့ တော်ပြီ။ ဒါနှင့် လုပ်စမ်းပါဦး။ ဆက်ပြောစမ်းပါဦး။ ကောင်းခန်းရောက်မှ ရပ်မထားပါနှင့်။”ဟု ပြောလိုက်ရပါသည်။ ထိုအခါမှ “ကျုပ်တော့ သောက်ဦးမယ်။”ဟုပြောကာ သူ့ဖန်ခွက်ထဲသို့ ငှဲ့လိုက်ပါသည်။ ထို့နောက် ဆက်လက်၍

“ကျုပ်ကတော့ ‘အမူးသမားချင်း စောင့်ရှောက်ရမယ့်ဝတ္တရား’ဆိုပြီး သဘောရိုးနှင့် တွဲပို့မိတာပါပဲ။ ဒါပေမယ့် ကျုပ်စိတ်အထင်တော့ အဲဒီတုန်းက မမြရင် တကယ်မူးတာ မဟုတ်ဘူးလို့ ထင်တာပဲဗျ။”

“အို ဘယ်လိုကြောင့်လဲ။”

“မသိဘူးဗျာ။ တကယ်သာ မူးနေတာဆိုရင် အိပ်ရာထဲအထိ ပို့လိုက်ပြီးမှတော့ အိပ်ရုံပဲ ရှိတော့တယ်မဟုတ်လား။ မူးနေတဲ့လူ ဘာများ သတိရနိုင်မှာတုံး။ ကျွန်တော်လည်း တစ်သက်နှင့်တစ်ကိုယ် အရက်သောက်တာကလွဲရင် ဘယ်လို မကောင်းတဲ့ကိစ္စမှ မကျူးလွန်ခဲ့မိဘူး။ ‘မကျူးလွန်မိအောင်လည်း ထိန်းနိုင်တယ်။’လို့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့မိတဲ့ လူတစ်ယောက်ပဲ။ ဒါပေမယ့်ဗျာ-အဲ့ဟိုညကတော့ ဘယ်လိုက ဘယ်လို ဖြစ်သွားတယ်တော့ မပြောတတ်ဘူး။ ခွေးဖြစ်တဲ့ဇာတ်ကို ကျကျနနကြီး ခင်းမိရက်သား ဖြစ်သွားတော့တာပေါ့။”

“အိုး”

“အဲဒါ ကျုပ် သူများအိမ်မှာ သောက်မိလို့ ဖြစ်ရတာ။ ကျုပ်လည်း အဲဒီတုန်းက မနက်လင်းခါနီးမှ သတိရလို့ ကပျာကယာထပြီး အိမ်ပြန်တော့၊ ကိုယ်တော်ချော ကိုကျော်ဇောကလည်း ကျုပ်လိုလစ်ပြီး ကျုပ်တည်းအိမ်က ထလာရတာနှင့် တူပါတယ်။ အိမ်ပေါက်မှာတင် တွေ့ရောဗျို့။ ဒီကတည်းက ‘အင်း-ကောင်မလေးတော့ ပြီးပြီ။’လို့ သိလိုက်ပါရဲ့။

“သူကြည့်လိုက်တော့ သိပ်ကျေနပ်နေတဲ့ မျက်နှာကြီးနှင့်ပြုံးလို့ ‘အိုကေပဲ ဆရာရေ။’လို့တောင် ပြောသွားလိုက်သေးတယ်။ ကျုပ်လည်း သူ့ကို ပြန်နှုတ်ဆက်မိလား,မဆက်မိလားတော့ မသိဘူး။ အိမ်ထဲ ဝင်ပြီး အိပ်ရာတွေဘာတွေ လိပ်တာပဲ။ ပြီးတော့ တောက်လျှောက် မှီရာရထားနှင့် လစ်ခဲ့တော့တာပဲ။

“အလုပ်ကလည်း ခွင့်အမြန်ယူပြီး၊ ခွင့်စေ့တော့ အဲဒီကို မပြန်ရပါမယ့်အကြောင်း ကြံဖန်လုပ်ရသေးတယ်။ ကဲ-အဲဒါသာ ကြည့်ပေတော့။ အေး-ဒါထက်ခင်ဗျား ဒါတွေကို ဘယ်သူ့မှ ပြန်မပြောနှင့်ဗျနော်။”

“စိတ်ချပါ ကိုယ့်လူ။”

တာရာမဂ္ဂဇင်း၊ အတွဲ ၃ အမှတ် ၁၈

mgyoe.com

mgyoe.com SAMPLE BOOK

## ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင်

'လွှတ်တော်အစည်းအဝေး၌ အမတ် ၂ ယောက် ထ၍ ရန်ဖြစ်ကြသည်။'-ဆိုသောသတင်းသည် မဆန်း။

'သုဘ၊ အသုဘကိစ္စ ညှိနှိုင်းခံမဏ္ဍပ်ထဲတွင် အဘိဓမ္မာဆရာကြီးများ ငြင်းခုံကြ၊ ရန်ဖြစ်ကြသည်။'ဆိုသည်လည်း မထူးဆန်း။

'သုခမိန်ဘွဲ့ခံ အဆံပြည့် အရည်မီ သုတေသီပုဂ္ဂိုလ်ကြီးများ ဝေါဟာရ သတ်ပုံ ငြင်းခုံပွားကြရာမှ သူတစ်ပြန် ငါတစ်ခွန်း ပြောဆိုရန်ဖြစ်ကြသည်။' ဆိုသော သတင်းမျိုးသည်လည်း မဆန်း။

သို့သော် ပင်ရှင်စား အစိုးရအရာရှိဟောင်းအများအပြား ပါဝင်အသုံးပြု သဖြင့် 'ပင်စင်စား ကလပ်'ဟုပင် အမည်ပေးလိုက်ပေးနိုင်သော 'လောကနိဗ္ဗာန်' ကလပ်လို နေရာမျိုး၌ အသက် ၇၀ ကျော်စီ ရှိကြပြီဖြစ်သော အငြိမ်းစားရာဇဝတ် ဝန်ထောက် ဦးထင်ကျော်နှင့် အငြိမ်းစား စစ်ကဲကြီး ဦးရွှေဒင်တို့ ဆွဲမနိုင်ဖျဉ်မရ 'နပမ်းချကြသည်။'-ဆိုသောသတင်းသည် ဆန်း၏။

အငြိမ်းစားယူလိုက်သောအခါ သေနတ်ပစ်ခြင်းကို မစွန့်လွှတ်နိုင်ဘဲရှိသဖြင့် အခြားပင်စင်စားများကဲ့သို့ စိပ်ပုတီးနှင့် ကမ္မဋ္ဌာန်းနှင့် မမွေ့လျော် မပျော်နိုင်သေး။

ဘယ့်နှယ်-ငယ်တော့သည့်အရွယ်တွေမှ မဟုတ်ကြဘဲနှင့် ပရိတ်သတ်ပွဲ အလယ်မှာ မဖွယ်မရာ လူရယ်စရာဖြစ်အောင် ဘာကြောင့် ဤသို့ ဒေါသကြီးကြ ပါလိမ့်။-ဟု သိချင်သူလည်း များ၏။

ဤသတင်းကို ကြားရသော လူ ၂ ယောက်ဆုံမိကြလျှင် ပထမလူက 'ဘယ်လို ဖြစ်ကြတာလဲဗျ။'ဟု မေးတတ်၍၊ ဒုတိယလူက 'မသိဘူးဗျ။ ကျုပ်က လည်း ခင်ဗျားကို မေးမလို့။'ဟု ဖြေတတ်သည်။ အကြောင်းရင်းက မည်သို့ပင် ရှိစေကာမူ ဤဘုဒါးကြီး ၂ ယောက် တစ်ယောက်တစ်ပြန် ထွေးလုံးရစ်ပတ် သတ်ပုတ် နေကြပုံကို အာရုံပြု၍ ကြည့်ရသည်မှာတော့ အတော်ကို ရယ်စရာကောင်းလေသည်။ မည်သည့်အခါကမှ လူတွေ မမျှော်လင့်ခဲ့ဖူးသော အဖြစ်အပျက်မျိုးတည်း။

ဦးထင်ကျော်မှာ ဒုတိယကမ္ဘာစစ် ဖြစ်ခါနီးတွင်မှ အစိုးရအမှုထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့ရသူ ဖြစ်သည်။ သတ်မှတ်ထားသောအသက် စေ့၍ အငြိမ်းစားယူလိုက် ရသော်လည်း ဦးထင်ကျော်မှာ ကျလုသေးသည် မဟုတ်ချေ။ ငယ်ရွယ်နုပျိုစဉ်ကစ၍ ဘောလုံးကစားခြင်း၊ တောအမဲလိုက်ခြင်း စသည်တို့၌ ဝါသနာထုံခဲ့ပြီးလျှင်၊ လူဆိုး ဓားပြ ဖမ်းဆီးရာတွင်လည်း ကျင်လည်ဖျတ်လတ်လှသည်။'-ဟု ကျော်စောသူဖြစ် သည်။ အမှုအခင်းများ ရုံးမင်းထံတင်ရလျှင်လည်း ဦးထင်ကျော်မှာ 'အကောင်းဆုံး ရှေ့နေများထက်သာအောင် အလိုက်အလျောက် ကောင်းလှသည်။'-ဟု ထင်ရှားသူ ဖြစ်သည်။ အငြိမ်းစားယူလိုက်သောအခါတွင် ငယ်ငယ်က ဝါသနာဖြစ်လာခဲ့သော သေနတ်ပစ်ခြင်းကို မစွန့်လွှတ်နိုင်ဘဲရှိသဖြင့်၊ အခြားသော ပင်စင်စားများကဲ့သို့ စိပ်ပုတီးနှင့် ကမ္မဋ္ဌာန်းနှင့် မမွေ့လျော် မပျော်နိုင်သေးဘဲ ရှိခဲ့၏။

ယခု အသက်ကလည်း ကြီးသည်ထက် ကြီးရင့်လာပြီဖြစ်၍ စိတ်သွားတိုင်း ကိုယ်မပါသောအခါမှ သေနတ်ကို မစွန့်ချင်၊ စွန့်ချင် စွန့်ထားရသူ ဖြစ်၏။ သို့တိုင်အောင် သူ့ဝါသနာကို သေရာပါအောင် ယူမည်ကဲ့သို့ ကလပ်သို့ မှန်မှန်လာကာ ရှေးအခါက


mgyoe.com

mgyaoe.com SAMPLE BOOK

သူ တောအမဲလိုက်ခဲ့သည့်အကြောင်း၊ သူခိုးဓားပြ ဖမ်းဆီးခဲ့ရသည့်အကြောင်း၊ အမှုအခင်းများ လိုက်လျှောက်ခဲ့ပုံအကြောင်းတို့ကို စိတ်ဝင်စားဖွယ်ကောင်းအောင် ပြန်ပြောင်းပြောပြခြင်းဖြင့် အပျင်းဖြေ၍ သူပြောပြသောအကြောင်းများမှာ နားထောင်ချင်စဖွယ် ကောင်းရုံမက၊ စိတ်ဝင်စားစရာ၊ မှတ်စရာ၊ ရယ်စရာကလေးတွေနှင့်အပြည့် ဖြစ်လေရကား၊ ကလပ်သို့ စုဝေးရောက်လာကြကုန်သော လူများသည် ဦးထင်ကျော်အား လေးစားချစ်ခင်ကြ၍ သူစကားပြောလျှင် နားထောင်ချင်သူချည်း ဖြစ်လေသည်။ ဤကား ဦးထင်ကျော်တည်း။

**သူလာလျှင်**

**ဘိလိယက်လျှက်ထိုးခြင်း,**

**ကြုံကြိုက်လျှင် ပိုကာကစားခြင်း,**

**ဝိုင်းဖွဲ့၍ ပုံတိုပတ်စ**

**ဗဟုသုတစကားများ ပြောခြင်းတို့ဖြင့်သာ**

**အချိန်ကုန်တတ်၏။**

ဦးရွှေဒင်မှာ ပင်စင်မယူမီက မည်ကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ခဲ့သည်ကို လူသိနည်းသော်လည်း၊ ရုပ်ရည်သန့်ပြန့်၍ ယခုအသက်အရွယ်တိုင်အောင် မင်းသားကြီးဟန်ဖြင့် နေတတ်သဖြင့်၊ ငယ်စဉ်ကဆိုလျှင် မည်မျှချော၊ မည်မျှခန့်သည့် အရာရှိတစ်ယောက်ဖြစ်ခဲ့မည်ကို ခန့်မှန်း၍ ကြည့်နိုင်သည်။

ယခုအသက် အရွယ်အထိ သန်သန်မာမာ သွားလာနိုင်သေးသည်ကို ထောက်သော် ငယ်ငယ်က အသောက်အစားကင်းခဲ့ပြီး၊ မှန်ကန်သော အလေ့အကျင့်များနှင့် နေခဲ့ဟန် တူသည်။ ယခုလည်း ကလပ်သို့သာ လာသည် ဘီယာပျော့ပျော့ကလေးများသော်မှ တစ်ခါတရံ အကြောင်းရှိမှသောက်သူ ဖြစ်သည်။ သူလာလျှင် ဘိလိယက် ထိုးခြင်း၊ ကြုံကြိုက်လျှင် ပိုကာကစားခြင်း၊ ဝိုင်းဖွဲ့၍ ပုံတို ပတ်စ ဗဟုသုတစကားများပြောခြင်းတို့ဖြင့်သာ အချိန်ကုန်တတ်၏။

စကားပြောရာတွင်လည်း အလွန်မထူးဆန်းသောအကြောင်းအရာ၊ ပုံပြင်ကလေးများကိုသော်မှ ပွဲကျအောင်၊ စိတ်ဝင်စားစရာဖြစ်အောင်၊ နားထောင်ကောင်းအောင် ပြောတတ်သူဖြစ်ရကား၊ သူ့အနားတွင်လည်း လူစည်ကားလေ့ ရှိသည်သာတည်း။ ဦးရွှေဒင်သည် သူ့အား 'အဘိုးကြီး။ ဘူဒါးကြီး။' ဟုခေါ်လျှင် မကြိုက်ချင်။

ပိန်ပိန်ချည့်ချည့် အရာရှိကလေးများနှင့် တွေ့လျှင် ဦးရွှေဒင်က ''လေ့ကျင့်စမ်းပါ။ လမ်းမှန်မှန်လျှောက် စမ်းပါ။ အန်ကယ်တို့ မောင်တို့အရွယ်ကဆိုလျှင် ကောင်းကောင်း ကျန်းမာတာပေါ့။ အခုတောင် ဘာမှမဖြစ်ဘူး။ ကြည့်လေ။'' ဟု ပြောကာ သူ၏လက်ရုံးများကို ဆန့်တန်းလှုပ်ရှား၍ ပြတတ်၏။

'ကျန်းမာအောင်, သန်စွမ်းအောင် ဘယ်လိုနေရမည်။ ဘယ်လိုထိုင်ရမည်။ ဘယ်လိုလေ့ကျင့်ရမည်။'-တို့ကိုလည်း မကြာခဏ လက်ချာရိုက်လေ့ရှိသည်။

ထိုအခါမျိုးတွင် အချို့အရာရှိငယ်ကလေးများက သူ့အကြိုက်လိုက်သလိုနှင့် 'ဟုတ်ပါရဲ့။ အန်ကယ် သိပ်ကျန်းမာတာပဲနော်၊ အာယုဝဍ္ဍနတန်ခိုးလည်း ပါထင်ပါရဲ့။'' ဟု နောက်ပြောင်ကာ ရယ်မောလေ့ရှိကြ၏။

ဦးရွှေဒင် ပင်စင်ယူပြီး ၅နှစ်ခန့်ကြာမှ သူနှင့် ငယ်ဖက်ငယ်ဖော်မင်းကတော်ကြီး ကွယ်လွန်သွားလေရာ၊ မိတွယ်စရာ သားထောက်သမီးခံကလည်း တစ်ယောက်မှ အတူနေ မကျန်တော့သည်နှင့်၊ သူတစ်ကိုယ်တည်း ပင်စင်လစာကလေးနှင့် ရှိပစ္စည်းကလေးများကို ထင်သလို သုံးစွဲနေခဲ့သူ ဖြစ်သည်။

ထိုသို့နေ၍ ၁နှစ်ခန့်အကြာတွင် သူ့စိတ်ထဲမှာ ဟာတာတာဖြစ်လာသလားတော့မသိ အဖော်မရှိလျှင် မနေတတ်သလိုဖြစ်လာပြီး၊ သမီးထွေးအရွယ်-မြေးအရွယ်၊ အသက် ၂၀မျှ မရှိသေးသော မိန်းမချောကလေးတစ်ယောက်ကို နှမ်းပါးသူတို့အထဲမှ ကောက်ယူမြှောက်စားကာ ဇနီးအဖြစ် မွေးစားထားလိုက်သူလည်း ဖြစ်သည်။

ဦးရွှေဒင်သည် သူ့ကိုယ်သူ 'နောက်ထပ် အနှစ် ၂၀ ကျော် လူ့ပြည်တွင် ပျော်ပျော်ကြီးနေရဦးမည်။'-ဟု ယုံကြည်သူဖြစ်သည်။ တစ်စုံတစ်ယောက်က 'အန်ကယ် နှစ်ပေါင်း ၂၀-၃၀ လျှော့ပြောထားရတာ မဟုတ်လား။ ဇာတာထဲမှာပါတဲ့ အတိုင်းဆိုရင် အသက် ၁၂၀ ရှည်ချင်ရှည်မှာပါ။'-ဟု ထောက်ပေးလျှင် ဦးရွှေဒင်က 'တဟဲဟဲ'နှင့် ရယ်လေ့ရှိသည်။

သူ့အား 'အိုပြီ။ ခွန်အား မရှိတော့ဘူး။'-ဟု ဆိုလိုသောစကားမျိုးနှင့် ကလိလိုက်လျှင် 'အံမယ်-တူမောင်။ တူမောင်နှင့်အန်ကယ် လက်လှဲတောင် စမ်းလိုက်ချင်သေးတယ်။ လောင်းကြေးကလေး ဘာလေးတောင် ထည့်ချင်ထည့်လိုက်ဦး။'ဟု ပြန်၍ဟောက်လေ့ရှိ၏။

ဤကား ဦးရွှေဒင်တည်း။

ကလပ်တွင် ဤသို့ လူချစ်လူခင်များ၍ လူကြီး,လူငယ်မဟူ အတူတူရောနှော၍ ပြောတတ်ဆိုတတ်ပျော်ရွှင်တတ်သော အဖိုးကြီး ၂ ယောက် 'နပမ်းချသည်'ဆိုတော့ သူတို့နှင့် သိသူများရော မသိသူများပါ လွန်စွာအံ့သြကြရလေသည်။ အချို့က ဤသတင်းကို ယုံရမှာပင် အင်တင်တင် ဖြစ်နေကြ၏။ သိချင်

mgyoe.com SAMPLE BOOK

သောစိတ်က အားကြီးလာသဖြင့် နီးစပ်ရာသို့ မေးမြန်းစုံစမ်းကြည့်ကြသူတွေလည်း မနည်းချေ။

ကလပ်သားများဖြစ်သော အစိုးရအရာရှိကြီးငယ်များ၊ ပင်စင်စားများကမူ ဤကိစ္စကို အရင်းအမြစ်ကစ၍ သိကြသော်လည်း ကလပ်အတွင်းရေးကိစ္စသာ ဖြစ်၍ တတ်နိုင်သမျှ ဖုံးကြဖိကြသို့ဝှက်ထားကြ၏။ အချင်းချင်း ဆုံမိကြသောအခါတွင်သာ ဆိတ်ကွယ်လျှင် ဆိတ်ကွယ်သလောက် ကျယ်ကျယ်တစ်မျိုး တိုးတိုးတစ်ဖုံ ပြန်ပြောင်းပြောဆို ရယ်မောကြလေ၏။

တကယ့်အကြောင်းရင်းအမှန်ကို ကြံဖန်ပြီး မတွေးတတ်စေကာမူ၊ ထိုလူကြီး ၂ ယောက် ထိုနေ့ညနေက အသီးသီး ကလပ်သို့ ရောက်လာကြသည့်အချိန်မှစ၍၊ ထ,သတ်ကြပြီး အဖိုးကြီး ၂ ယောက်စလုံး အမောဆို့နေ၍ အိမ်သို့ ထမ်းပို့လိုက်ကြရသည်အထိ၊ သူတို့ ဘာလုပ်ကြသည်, ဘာပြောကြသည်ကို မှတ်မိသော ကလပ်စားပွဲထိုးမောင်သင်ကမူ သူသိသမျှ 'ဇဝ် မေသုတ်'ဖြင့် သူ့ထံသို့ မေးလာသမျှလူများအား လက်လီ, လက်ကား ဖောက်သည်ချနိုင်ခဲ့လေသည်။

ထိုနေ့ညနေက ဦးရွှေဒင်သည် ကလပ်သို့ ခပ်စောစော ပင် ရောက်လာသည်။ သူ့မျက်နှာတစ်ခုလုံးမှာ ပြုံးရွှင်လျက် အသက် ၁၀ နှစ်ခန့် ငယ်ရွယ်သွားသည့်အသွင်ကို ဆောင်လျက် ရှိသည်။

ကလပ်သို့ရောက်လျှင် မောင်သင်ကို ခေါ်၍ 'ယနေ့ ကလပ်သို့ရောက်လာကြသူများကို သူက ဒကာခံ၍ ကျွေးမည်, တိုက်မည်။'ဟု အကြောင်းကြားလေ၏။

ဤသို့ရက်ရောသော သဒ္ဒါတရား ဖြစ်ပွားရသည့် အကြောင်းမှာ ဦးရွှေဒင်၏ အိုစာမင်းစာဖြစ်သော ဇနီးချောကလေးတွင် ဝဖြိုးရွှင်လန်း ကျန်းမာလှသော သားယောကျ်ားကလေး တစ်ယောက် ဖွားမြင်ခြင်းပင် ဖြစ်လေသည်။

ညနေစောင်း၍ ကလပ်၌ လူစည်ချိန်တွင် ဦးရွှေဒင်မှာ လူကြီးများနှင့်တစ်လှည့်, လူငယ်များနှင့်တစ်ချီ ကူးချည်သန်းချည်နှင့် အတော်အူမြူးလျက် စကားဖောင်လိုက်, ဘီယာစုပ်လိုက်နှင့် အတော်ကလေးပင် ထွေ၍နေလေသည်။

မှောင်ရီရီတွင် ဦးထင်ကျော် ရောက်လာပြီး ပျော်ပျော်ပါးပါးပင် ဘီယာ ဝင်၍သောက်လေသည်။ ဦးရွှေဒင်က 'သူ့အိမ်မှာ ရတနာတိုးသည်ကို အကြောင်းပြု၍ အမျိုးမျိုးကြွားကာ သန်မာဖျတ်လတ်သော သက်ကြီးလူစွမ်းကောင်းများအကြောင်းကို နားထောင်ကောင်းအောင် ပြောပြသည်။ တူးရှင်းတောင်ခြေ၌ ရမ်းကားသော 'ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင်'အကြောင်း ကိုလည်း အားရပါးရပြောပြ၏။

ဦးရွှေဒင်က လူငယ်ပိုင်း တစ်လှည့်, လူကြီးပိုင်းကို တစ်လှည့် ဤသို့ ပုံတိုပတ်စများ ပြောဆိုကာ ရယ်မောလျက် ရှိစဉ်တွင် ဦးထင်ကျော်မှာလည်း ဘီယာခွက်ကိုကိုင်ကာ ကူးချည် သန်းချည် လုပ်နေ၏။ ဤသို့ လူစုံသောအခါမျိုးတွင် ဦးရွှေဒင်တို့, ဦးထင်ကျော်တို့လို စကားပြောကောင်းသော သူများကို ပွဲတောင်းလျက် ရှိသည်။

ဦးရွှေဒင်က လူငယ်တွေနှင့် တဟားဟား ပွဲကျလျက် ရှိစဉ်၊ ဦးထင်ကျော်က လူကြီးတွေနှင့် တဟီးဟီးဖြစ်နေပြီး၊ ဦးရွှေဒင်က လူကြီးဝိုင်းတွင် ဝင်လာပြန်လျှင် ဦးထင်ကျော်က လူငယ်ဝိုင်းသွား၍ တိုးတစ်ခါ ကျယ်တစ်လှည့်ဩချခံကာ ရယ်စရာမောစရာ သောစရာကလေးများ ပြောလျက်ရှိလေ၏။

အတော်ကလေး မှောင်စပြုလာသောအခါ လူကြီးတွေရော လူငယ်တွေပါ အချို့ အတော်ကလေး မူးလာကြသည်။ ဤတွင် လူ၂စုရောမိသွားကာ ရောက်လေရာကို အော်ဟစ်နေကြတော့၏။

ထိုအခါတွင် လူကြီးတစ်ယောက်က ထ၍၊ အားလုံး အသံများကို လက်ခုပ်တီး၍ ငြိမ်ဝပ်စေလျက် 'ဦးရွှေဒင် ပုံပြောပါ။-ပုံပြောပါ။'-ဟုအော်လေသည်။ ထိုအခါ ပရိသတ်ကလည်း 'ဟုတ်တယ်။ ဟုတ်တယ်။ ပုံပြောပါ။''ဟု ထောက်ခံသဖြင့် ဦးရွှေဒင်က ပုံပြောရလေသည်။ သူပြောသောပုံမှာ စောစောက ပြောပြီးဖြစ်သော်လည်း၊ 'သူကြိုက်လှ၍ ထပ်ပြောမည်။'ဆိုကာ တူးရှင်းတောင်ခြေ၌ ရမ်းကားသော 'ခေါင်းပေါင်း ကျားနှင့် မြင်းကျားရှင်အကြောင်း''ကိုပင် အသောကလေးများ ညှပ်၍ ထပ်မံပြောဆိုလေသည်။ ပုံအဆုံး၌ အလောင်းစည်သူ မင်းတရားကြီးက လက်သီးလက်မောင်းတန်းလျက် 'ဟယ်-အမတ်တို့ ငါမအိုသေး။'ဟု ကြွေးကြော်လိုက်ပုံကို လက်ဟန် ခြေဟန်နှင့် မာန်ပါပါပြောဆိုသည်။ ထိုပုံပြင်၏ နောက်ဆက်တွဲ အဖြစ် သူက အဆစ်ထည့်လိုက်သေးသည်။

ခေါင်းပေါင်းကျားနှင့် မြင်းကျားရှင်

* တစ်ရံရောအခါ အလောင်းစည်သူမင်းတရားသည် လက်ရုံးကို ဆန့်တန်း၍ ကျုံးဝါးတော်မူ၏။ မင်းတရား လက်ပျဉ်းကျသည်ကို မြင်ကြရသော အမတ်တို့က ပြုံးရယ်ကြလေသည်။ ထိုအခြင်းအရာကို မင်းတရား မြင်တော်မူ၍ 'အကြောင်းသိစေအံ့။'-ဟု ပရိယာယ်ဆင်ကာ မှူးမတ်တို့အား ''တူးရှင်းတောင်ခြေ၌ ရမ်းကားလျက်ရှိသော 'ခေါင်းပေါင်းကျားနှင့်မြင်းကျားရှင်လူဆိုးကြီး'ကို လက်ရဖမ်းဆီး ချေရမည်။''ဟု စေတော်မူလိုက်သည်။ မင်းတရားသည် နန်းတော်မှ တိတ်တဆိတ်ထွက်၍ ခေါင်းပေါင်းကျားနှင့်မြင်းကျားရှင်အသွင်ကို ယူကာ တူးရှင်းတောင်ခြေမှ အမတ်တို့ အလာကိုစောင့်လင့်၍ နေ၏။


mgyoe.com

mgyoe.com SAMPLE BOOK

အမတ်များ ရောက်လာကြသောအခါ မြင်းကျားရှင်က ပူးတုံ့ခွာတုံ့နှင့် ကျင်လည်စွာ မြင်းရေးအမျိုးမျိုးပြလျက် ကစားပြီးမှ အမတ် ၄ ယောက်အကြားမှ အလွတ်ရှောင်ထွက်သွားလေသည်။ နောက်တစ်ရက် ညီလာခံတွင် မင်းတရားက မေးတော်မူသောအခါ၊ အမတ်တို့က "မြင်းကျားရှင်မှာ ကျင်လည်ဖျတ်လတ်လှ၍ လူသားမဟုတ်တန်ရာ နတ်ဘီလူးသာ ဖြစ်ပါလိမ့်မည်။ တစ်နိုင်ငံလုံးရှိ မြင်းသည်အားလုံး ဝိုင်း၍ ဖမ်းသော်မှ မိနိုင်ဖွယ်မရှိပါ။" ဟု လျှောက်ထားကြလေသည်။ ထိုအခါတွင်မှ မင်းတရားက "ဟယ်-အမတ်တို့။ နင်တို့ ငါ့ကို 'အိုမင်းမစွမ်းရှိပြီ။' ထင်ကြသည်။ ငါ မအိုသေး။" ဟု မိန့်တော်မူသည်။ ဤတွင်မှ အမတ်တို့လည်း မင်းတရားအား အလွန်ကြောက်ရွံ့ ခဲ့ညားကြကုန်လေသတည်း။

မြန်မာရာဇဝင်

"အို-အချင်းတို့ ငါမအိုသေးလို့ ကျုပ်ကလည်း ကြွေးကြော်လိုပါတယ်။" ဟု ဆိုလိုက်ရာ၊ သူတိုက်ကျွေးသမျှ သောက်စားထား၍ အတော် 'ထွေ' နေကြပြီဖြစ်သော ပရိသတ်က 'ဝမ်းစမိုး-ဝမ်းစမိုး' ဟု တစ်ခဲနက်ဟစ်အော်ကာ ဩဘာ လက်ခုပ်များ တီးခတ်ကြလေသည်။ ဩဘာလက်ခုပ်သံများ စဲသွားသောအခါ လူငယ်ပိုင်းမှ တစ်ယောက်သောသူက "အန်ကယ် ထင်ကျော်။ ပုံပြောပါ။ ခုနက ကျွန်တော်တို့ကို ပြောတဲ့ အကြောင်း ထပ်ပြောပါ။" ဟု အော်လိုက်၏။

ထိုအခါ ဦးထင်ကျော်က အသံရှင်လူငယ်အား တောင်းပန်သလို လှမ်း၍ လက်ကာပြပြီး "ဟာ-ဟာ မလုပ်ပါနှင့် မောင်တို့။ ဒီဟာက မောင်တို့ လူငယ်တွေကိုသာ ပြောပြလို့ ဖြစ်တာပါ။ တယ်နောက်တဲ့လူပဲ။" ဟု ငြင်းဆိုလိုက်သေး၏။

ထိုအခါ ဦးရွှေဒင်က "လူငယ်တွေကိုသာ ပြောပြလို့ ဖြစ်တာ ဘာပုံမို့တုံး ကျုပ်တို့ နားထောင်ချင်ပါတယ်။ ကျုပ် လည်း လူငယ်ပါပဲ။" ဟု ဝင်၍ပြောသဖြင့် တသောသော ပွဲကျ သွားပြန်၏။

ဦးရွှေဒင်မှာ အတော်ကလေး ထွေနေပုံ ရ၏။ "ပြောပါဗျို့-ပြောပါဗျို့" ဟု ထပ်၍ပင် အော်လိုက်သေးသည်။

ဦးထင်ကျော်၏အနီးမှ လူများကလည်း "ကဲ-အများ ကလည်း တောင့်တကြပါပြီ။ ဦးထင်ကျော် ပြောပါတော့။" ဟု ထပ်၍ တိုက်တွန်းကြ၏။

ဦးထင်ကျော်က "အလကားပါဗျာ။ ရယ်စရာအဖြစ် ပြောရတာပါ။ အလကားပုံပါ။" ဟု ငြင်းဆန်သော်လည်း၊ အူမြူးနေသောဦးရွှေဒင်က "ရယ်စရာပုံဆိုလည်း ကျုပ်တို့ ရယ်ချင်ပါတယ်ဗျာ ပြောပါ။" ဟု ထပ်လောင်းတောင်းဆိုလိုက် ပြန်လေသည်။

ထိုအခါ အတော် ထွေနေကြသော လူကြီးပိုင်း၊ လူငယ်ပိုင်းတို့ကလည်း "ဟုတ်တယ်-ဟုတ်တယ်။ ပြောပါ။ ကျုပ်တို့လည်း ရယ်ချင်ကြတာပါပဲ။" ဟု အော်ကြ၏။ ဦးထင်ကျော်မှာ အကျပ်ကျလျက် ထိုင်ရာမှ ထသွားမည် ပြု၏။ သို့သော် သူ့အနားက လူကြီးတစ်ယောက်ကဆွဲထားသဖြင့် မသွားရ။

ထိုအခါ ဦးထင်ကျော်က "အလကားပါဗျာ။ ကျုပ် သေနတ်ပစ် လက်ဖြောင့်တဲ့အကြောင်း ပြောတာပါ။ ရယ်စရာ မဟုတ်ပါဘူး။" ဟု ဖြေရှင်းလိုက်၏။

ဤတွင် ဦးရွှေဒင်က ထိုင်ရာမှထကာ "ဘယ့်နှင့် ကိုထင်ကျော်။ ခင်ဗျားတစ်ယောက်တည်း အမျိုးမျိုးဖြစ်နေပါ လား။ အခုပဲ လူငယ်တွေသာ ပြောလို့ဖြစ်တဲ့ပုံ။ အခုပဲ ရယ်စရာ ပုံ။ အခုပဲ သေနတ်ပစ် လက်ဖြောင့်တဲ့အကြောင်း။ ကဲ-ဘာ အကြောင်းဖြစ်ဖြစ် ပြော။ ခင်ဗျားပုံ နားမထောင်ရရင် ကျုပ်တို့ ဒီည အိမ်မပြန်ကြဘူး။ အားလုံးသဘောတူကြတယ် မဟုတ် လား။" ဟု လူထုနှင့် အရေးဆိုလိုက်ရာ၊ အားလုံးကပင် "တူ တယ်-တူတယ်။ ပြောပါ-ပြောပါ။" ဟု အော်ဟစ်ကြလေ၏။

ထိုအခါတွင် ဦးထင်ကျော်မှာလည်း ခပ်ထွေထွေ ဖြစ်လာပြီး၊ မတ်တတ်ရပ်နေရာမှ ပြန်ထိုင်ချပြီးလျှင်၊ "ကဲ- ဒါလောက်တောင်ဖြစ်မှ ပြောမယ်ဗျာ။ ဟေ့-မောင်သင်ရေ။ ငါ့ဖို့ ဘီယာယူခဲ့ဦး။" ဟု မှာလိုက်၏။

ထိုအခါတွင်မှ အားလုံးက ကျေနပ်သွားကြကာ ဩဘာလက်ခုပ်များ တဖြောင်းဖြောင်း တီးလိုက်ကြလေသည်။

ဦးရွှေဒင်ကမူ ဦးထင်ကျော်ရှိရာသို့ ထလာပြီး လက်ဆွဲ ချိုးကျူးကာ သူ့ခွက်ထဲက ဘီယာအချို့ကို ဦးထင်ကျော်၏ ခွက်ထဲသို့ လောင်းထည့်ပေးလိုက်သေး၏။

ဦးထင်ကျော်က သူ့ခွက်ထဲကဘီယာကို တစ်ကျိုက် စုတ်လိုက်ပြီး ကိုယ်ကိုမတ်မတ်ယူ၍ "အဟမ်း-ကျုပ်တို့ကို 'အသက်ကြီးပြီ အိုပြီ။' လို့ လူတွေက အထင်သေးနေကြပေမယ့် ကျုပ်တို့မှာ ငယ်စိတ်ငယ်သွေးတွေက မကုန်သေးပါဘူးဆိုတာ ပြောမလို့ပါ။" ဟု အစချီလိုက်၏။

ပရိသတ်မှာလည်း ဆိတ်ငြိမ်စွာပင် စောင့်စားလျက် ရှိ၏။ ဦးရွှေဒင်တစ်ယောက် ဘီယာခွက်ကို ကုလားထိုင် လက် တင်ပေါ်ချခဲ့ပြီး၊ "ပြောပါ။ ပြောပါ။ ဒါတွေ ကြားချင်တာ။" ဟုအော်၍ လက်ခုပ်သံတဖတ်ဖတ် ပေးလိုက်၏။

လက်ခုပ်သံများ ငြိမ်သက်သွားမှ ဦးထင်ကျော်က ဆက်လက်၍ ပြောလေသည်။

"ကျုပ်က သေနတ်ကို လက်လွှတ်ထားရပေမယ့် စိတ်ထဲကတော့ နည်းနည်းမှမကျေဘူးဗျို့။ တစ်ခါတစ်ခါဆိုရင်



mgyoe.com

အင်မတန် ပစ်ချင်ခတ်ချင်စိတ် ဖြစ်လာလို့ မနည်း ဆုံးမထားရတယ်။ တစ်နေ့ကတော့ မနက်စောစော လမ်းလျှောက်ထွက်သွားရင်း တောင်ကုန်းပေါ်ရောက်တော့ ချုံစပ်မှာ ယုန်ကလေးတစ်ကောင်ကို တွေ့ရတယ်ဗျ။ အဲသလို ချုံစပ်မှာဝပ်နေတာ တွေ့ရတော့ 'တောက်-သေနတ်သာပါရင် ဘယ်လောက် နိပ်မလဲ။' ဆိုတာ စိတ်ကူးရင်း စိတ်ခတ် တက်ကြွလာတာနှင့် လမ်းလျှောက်တုတ်ကို သေနတ်အမှတ်နှင့် မြှောက်ပြီး ချိန်လိုက်တယ်။ ပြီးတော့ ချိန်သားရနေတာနှင့် တစ်ပြိုင်နက် စိတ်ထဲက ယားကျိကျိ ဖြစ်လာရောဗျို့။ ယုန်ကလေးကလည်း ပစ်ချင်စရာ ဖြစ်လေတော့။ ကျုပ်လည်း မနေနိုင်တော့ဘူး။ ပါးစပ်က 'ဒိုင်း'ဆိုပြီး ပစ်ချလိုက်ရောဗျ။ အဲ့ဒီတုန်းက ကျုပ်စိတ်ထဲက တက်ကြွနေလို့လား မသိဘူး။ ကျုပ်ပါးစပ်က 'ဒိုင်း'ဆိုတဲ့အသံက တကယ့်သေနတ်သံလို မြည်ဟီးသွားပြီး မီးခိုးတွေပဲ ထွက်သွားသလိုလို၊ ယမ်းနံ့,ကန့်နံ့ပဲ ရသလိုလို၊ အနီးတစ်ဝိုက်က ငှက်တွေပဲ လန့်ပျံသွားသလိုလို ထင်လိုက်မိတာပဲ။''

ဦးထင်ကျော် ခေတ္တရပ်နားပြီး ဘီယာ၁ကျိုက်-၂ကျိုက် မော့လိုက်၏။ အားလုံး စိတ်ဝင်စားစွာ ဦးထင်ကျော်ကို စောင့်ကြည့်နေကြ၏။

ဦးရွှေဒင်တစ်ယောက်သာ ''ဟယ်-အမတ်တို့ ငါမအိုသေး။- ဆိုတာလိုပဲဗျို့။''ဟု ထောက်ပေးဖော်ရ၏။

ဘီယာသောက်ပြီး ဦးထင်ကျော်က ဆက်လက်ပြောပြန်သည်။

''ဒါတင် ဘယ်ဟုတ်ဦးမလဲဗျာ။ အဲဒီလို 'ဒိုင်း'ခနဲလည်း လုပ်လိုက်ရော ယုန်ကလေးဟာ ဖျပ်ခနဲလန့်ပြီး ၂တောင်လောက် မြောက်တက်သွားတာ မြင်လိုက်ရတယ်။ ပြန်ကျလာတော့ ကျုပ်စိတ်ကတော့ 'ထပြေးလိမ့်မယ်'ထင်တာ ဘယ်ပြေးမလဲ။ ယုန်ကလေးဟာ အဲသည်နေရာမှာပဲ ကားခနဲ ကျသေနေတာ တွေ့ရသဗျာ။ ကဲ-မဆန်းကြဘူးလား-ဟင်''

''ဆန်းတယ်-ဆန်းတယ်။ သိပ်ကို ထူးဆန်းတယ်။ ဆက်ပြောပါ။ ဆက်ပြောပါ။''ဟု ပရိသတ်က ထောက်ခံလိုက်သဖြင့် ဦးထင်ကျော်က ဆက်လက်၍ စိတ်ပါဝင်စားစွာ ပြောပြန်လေသည်။

''ဟာ-ကျုပ်လည်း အတော်ကိုအံ့သြပြီး စိတ်ထဲမှာလည်း အတော်ပျော်သွားသဗျ။ 'ငါမှ တကယ့်ငါဟော့။ ငါ့လိုလူ ဇမ္ဗူမှာ ရှားသဟ။ ယုန်တစ်ကောင်လောက်တော့ လမ်းလျှောက်တုတ်နှင့်ချိန်ပြီး ပါးစပ်ကပစ်ရုံတောင် သေတာ။'ဆိုပြီး ဝမ်းသာအားရ လက်ခမောင်းများ ခတ်ပြီး ခုန်မိပေါက်မိသေးသပေါ့။ ကိုယ့်အစွမ်း,ကိုယ့်အစ တစ်ခြားလူများလည်း ပြလိုက်ချင်သေးတော့၊ ပြစရာလူများ ရှိလေမလား။'လို့ အနီးအနား လှည့်ကြည့်လိုက်ပါတယ်။ အဲမယ်-ကျုပ်နောက်နားစမှာ လူငယ်လေးတစ်ယောက်ခင်ဗျာ။ ကျုပ်ကိုကြည့်ပြီး ပြုံးလို့။''

ဦးထင်ကျော်က အဆုံးမသတ်သေးဘဲ ဘီယာခွက်ကို မြှောက်၍ ၁ကျိုက်-၂ကျိုက် သောက်လိုက်ပြီးမှ ''အမ်း- ဟမ်း အဲသည်လူရဲ့လက်ထဲမှာလည်း ယမ်းငွေ့မှမသေသေးတဲ့ ၂လုံးပြူးသေနတ်တစ်လက် ကိုင်လို့ကိုးဗျ။''ဟု ပြောကာ ပြုံးစိစိနှင့် သူ့ပုံကို အဆုံးသတ်လိုက်၏။

ဦးထင်ကျော်၏ပုံအဆုံးတွင် ခဏမျှ ငြိမ်သက်နေကြပြီး အတန်ကြာမှ ဟိုးဟိုး-ဟားဟားနှင့် ရယ်မောကြ၏။ ရယ်သံများ စဲမလိုလိုဖြစ်သွားပြီးမှ တစ်ဖန် ပိုမိုဆူညံစွာ ရယ်ကြပြန်လေရာ၊ ကလပ်တစ်ခုလုံးမှာ ရုတ်ရုတ်-ရုတ်ရုတ် ဖြစ်သွားပြီး၊ ထိုရုတ်ရုတ်-ရုတ်ရုတ် မငြိမ်သက်မီပင် ဝုန်းဝုန်းဒိုင်းဒိုင်းသံ, ခလိုးခလွမ်းသံများ ပေါ်လာသောကြောင့် လူတွေ အလန့်တကြား ပြေးကြပုန်းကြ, ရှောင်ကြတိမ်းကြရ၏။

အတန်ကြာမှ သတိရ၍ ဘာဖြစ်သည်ကို ကြည့်လိုက်သောအခါတွင် ဦးထင်ကျော်နှင့် ဦးရွှေဒင်တို့မှာ ကလပ်ကြမ်းပြင်ပေါ်၌ ထွေးလုံးရစ်ပတ် တစ်ယောက်ကိုတစ်ယောက် အသေသတ်ရန် အားထုတ်နေကြသည်ကို တွေ့ကြရလေသည်။

ထိုအခါတွင် ဘေးလူများက လူကြီးများကို ခွဲကြဖျဉ်ကြသေးသော်လည်း အဖိုးကြီး ၂ ယောက်မှာ ခွာလို့ မရနိုင် ဖွတ်ပေ၍ ကိုင်နေသောကြောင့်၊ အနီးအနား၌ ဘေးဖြစ်တတ်သော ပစ္စည်းများကိုသာ သိမ်းဆည်းကာ အသာရပ်ကြည့်နေကြရတော့၏။ နောက်တော့ သူတို့ ၂ ယောက် ဖွဲ့နပဲကြီးစွာနှင့် သတ်နေကြပုံမှာ ကြည့်စရာ အလွန်ကောင်းလှသဖြင့် ဆွဲရန်,ဖျဉ်ရန်ပင် သတိရကြဟန် မတူတော့ချေ။

ဤသို့လျှင် ပူးတုံ့ခွာတုံ့နှင့် ၁ နာရီနီးနီး ကုန်သွား၍ အဖိုးကြီး ၂ ယောက်စလုံး 'ဟောဟဲ'ခတ်ပြီး အမောဆို့နေမှ၊ အားလုံးသတိရကြကာ အဖိုးကြီးများအား အသီးသီး အိမ်သို့ ထမ်း၍ ပို့လိုက်ကြရသည်။

ဤကား ကလပ်စားပွဲထိုးမောင်သင်၏ 'ဇဝံ မေ သုတံ'တည်း။ ။

မြဝတီမဂ္ဂဇင်း

●ဇဝံ မေ သုတံ ၁-ပါဠိ = ဤသို့ ကျွန်ုပ်ကြားရသည်။

mgyoe.com
SAMPLE BOOK

## အဝေရာ

ကားသစ်ကလေး၏စက်သံမှာ ညက်ညောလှပေသည်။ ခရီးမထွက်မီ တစ်ရက်ကမှ ကားကလေးကို မက္ကင်းနစ်နှင့် စိတ်တိုင်းကျ ပြုပြင်၍ ရေဆေး,ဆီထိုး လုပ်ခဲ့သဖြင့်၊ ယခုကဲ့သို့ ခရီးရှည် ထွက်လာသောအခါ ဦးအေးခက်မှာ စိတ်ချမ်းသာ ရပေသည်။ သူက တစ်ယောက်တည်း ခရီးသွားရခြင်းကို နှစ်ခြိုက်သည်။ သူ့ဇနီး မြင့်မြင့်တင်ရှိစဉ်ကဆိုလျှင် ယခုလို တစ်ယောက်တည်း ခရီးထွက်သည်ကို ဘယ်တော့မှ စိတ်မချခဲ့။ 'လမ်းမှာများ ကားတစ်ခုခုဖြစ်ရင် ကိုကိုရယ်။ အဖော်လေး ဘာလေးတော့ ခေါ်သွားပါလား။'ဟု ဆိုလေ့ရှိသည်။ သူကတော့ ခရီးမထွက်ခင် ကားကိုစစ်ဆေးပြီး၊ သေချာအောင်, စိတ်တိုင်းကျအောင်ပြုပြင်ပြီး အပြစ်အနာ ချွတ်ယွင်းချက် မရှိမှ, တိုင်မင်ကို စိတ်တိုင်းကျမှ ထွက်သည်။ ပြီးတော့လည်း သူသည် ဘယ်လောက်လမ်းကောင်းကောင်း အရှိန်မြန်မြန် မောင်းလေ့မရှိ။ တစ်လမ်း လုံးမှ သူတစ်ယောက်တည်း ရှိပါစေ။ ၁ နာရီ ၃၀-၃၅ မိုင်က ဘယ်တော့မှ ပိုမမောင်း။ သွားရမည့်ခရီးနှင့် နားရမည့်နေရာ, ရောက်ရမည့်အချိန် စသည်တို့ကိုလည်း ကြိုတင်တွက်ချက်ပြီး၊ သည်အစီအစဉ်အတိုင်းလည်း ရောက်အောင် သွားသည်။ အချိန်လွဲလှလျှင် ရန်ကုန်-မန္တလေး ခရီးမျိုးမှာ ၁ နာရီခန့်သာ။

ဝတ်စားဆင်ပြင်ပုံကြည့်လျှင်
အလွန့်သန့်ပြန့်သည်။
ပစ္စည်းကောင်း ကြိုက်တတ်သည်။
အညံ့စားပစ္စည်းများဆိုလျှင်,
သေသေသပ်သပ်မရှိလျှင်
အလကားပေးလို့ပင်
မလိုချင်သည့် လူစား။

ဦးအေးခက်သည် အသက် ၄၀ ကျော်ခဲ့ပြီ ဖြစ်သော်လည်း၊ အရွယ်တင်သူ, ကျန်းမာရွှင်လန်းသူဖြစ်၍ သူ့အသက်ထက် ငယ်ပုံ ရသည်။ ဝတ်စားဆင်ပြင်ပုံကို ကြည့်လျှင် အလွန်သန့်ပြန့်သည်။ ပစ္စည်းအကောင်း ကြိုက်တတ်သည်။ အညံ့စား ပစ္စည်းများဆိုလျှင်, သေသေသပ်သပ် မရှိလျှင် အလကားပေးလို့ပင် မလိုချင်သည့် လူစား။

သူ့ကားပေါ်တွင်ပါလာသည့် အနည်းငယ်မျှသော သူ့ပစ္စည်းပစ္စယကလေး များကို ကြည့်ပါဦး။ တနင်္ဂနွေတစ်ပတ်စာ အဝတ်အစားထည့်ယူလာသည့် သားရေ သေတ္တာအနက်ကလေး၊ သွားတိုက်ဆေး, သွားပွတ်တံ, မုတ်ဆိတ်ရိတ်ဓား စသည့် ပစ္စည်းများထည့်သည့် ဇစ်ကြိုးတပ် ပလပ်စတစ်အိတ်ငယ်၊ စာရွက်စာတမ်းများ ထည့်သည့် ဆမ်ဆိုနိုက်လက်ဆွဲအိတ်အရွယ် သေတ္တာငယ်နှင့် နိုင်လွန်အနက် မိုးကာ အင်္ကျီတို့ကိုကြည့်လျှင် ဦးအေးခက် မည်မျှ အကောင်းကြိုက်သည်ကို သိနိုင်သည်။ တတ်လည်း တတ်နိုင်သူမို့ပေတကား။

ယခု သူလာခဲ့သည့်ကိစ္စက ပဲခူးမှာရှိသည်။ ပဲခူးက အလုပ်ကိစ္စပြီးလျှင် ရန်ကုန်သို့ ၁ရက်-၂ရက် ဆင်းပြီး ရန်ကုန်မှာကျောင်းနေသော သူ့သမီး မြင့်အေးခက်ကို သွားတွေ့ရမည်။ အချိန်ပိုရလျှင်၊ ၁ နှစ်မှ ၁ ခါ တွေ့ရသောသမီးကလေးကို ဈေးသို့ ခေါ်သွားပြီး သူလိုချင်တာတွေ ဝယ်ပေးရမည်။ ရုပ်ရှင်ပြရမည်။ ဒါပြီးလျှင် သူ့အလုပ် ပြီးပြီ။ ပြန်ဖို့ပဲ။

သမီးနှင့် တွေ့ဖို့ကိစ္စတောင် ဦးအေးခက်က အလုပ်သဘော အချိန်စာရင်းထဲ ထည့်ထားတော့ တစ်ခါတစ်ခါ သမီးက '၁ရက်-၂ရက်နေပါဦးလား ဒယ်ဒီ။'ဟု တားသည်ကိုပင် မနေနိုင်၊ 'ဒယ်ဒီ မအားဘူးသမီးရယ်။'ဟုသာ အကြောင်းပြလေ့ ရှိသဖြင့် သမီးက သူ့ဒယ်ဒီရှေ့မှာပင် သူ့သူငယ်ချင်းများအား 'တို့ဒယ်ဒီက သမီးကို


mgyoe.com

mgyoe.com SAMPLE BOOK

လှိုင်ဆိုသည်မှာ
သူကျောင်းသားဘဝကချစ်ခဲ့ရသည့် မိန်းကလေး။
သူ ကျောင်းကထွက်ပြီး
စီးပွားရေးနယ်ဘက်ကို မရောက်ရောက်အောင်
တွန်းပို့ခဲ့သည့် မိန်းကလေး၊
သူ ချစ်လျက်နှင့် လက်မထပ်ခဲ့ရသည့် မိန်းကလေး။

လမ်းမှာတွေ့ရင် မမှတ်မိမှာစိုးလို့ ၁ နှစ် ၁ ခေါက် လာလာကြည့်တာလေ။'ဟု ပြောပြီး လှောင်သလိုရယ်တတ်သည်။

ဟုတ်တော့လည်း ဟုတ်ပါ၏။ ဦးအေးခက်မှာ အလုပ်များလှပါသည်။ အိပ်ချိန်၊စားချိန်မှာပင် သူ့အနားမှာ အလုပ်က စောင့်စောင့်နေတတ်သည်။ လခစားအလုပ် မဟုတ်၍ သူ့အလုပ်က သန်းခေါင်မှာစိတ်ကူးရ၊ သန်းခေါင်မှာပဲ ထ၍လုပ်ရသည်။ သူသည် စီးပွားရေးသမားဖြစ်၍ စီးပွားရေးအမြင်လည်း ရှိသည်။ ယခု ကိုယ်ပိုင်စီးပွားရေးသမားများ အလုပ်အကိုင်ပါးလျက်ရှိသော်လည်း ဦးအေးခက်မှာတော့ အလုပ်များလျက်သာရှိသည်။

စီးပွားရေးသမားသည် အလုပ်လုပ်နေမှ အခြေခိုင်သည်။-ဟု သူယုံကြည်သည်။ 'ဘာမှ လုပ်လို့မဖြစ်ဘူး။'ဟု ထိုင်မှိုင်နေကြသူများမှာ 'စီးပွားရေးအမြင် မကျယ်ကြ၍'ဟု ဦးအေးခက်က ဆိုကောင်းဆိုလိမ့်မည်။ သူသည် ဘယ်တော့မှ အလကားထိုင်မနေသောလူ ဖြစ်သည်။

ပဲခူးမှ အလုပ်ပြီးလျှင် ရန်ကုန်ဆင်းဖို့ ကိစ္စထဲတွင် စာရင်းမပါသော်လည်း စိတ်ကူးလာခဲ့သော ကိစ္စတစ်ခုတော့ ရှိသည်။ ဒါကတော့ အသေအချာကြီး မဟုတ်၊ သို့သော် တစ်လမ်းလုံးမှာတော့ သူ့အတွေးထဲမှာ ဒါက တရစ်ဝဲဝဲ ပါနေသည်။ လှိုင်နှင့် တွေ့ဖို့ကိစ္စ၊ လှိုင့်အကြောင်း။ သူ တစ်လမ်းလုံး စဉ်းစားလာခဲ့သည်။

'လှိုင်'ဆိုသည်မှာ သူကျောင်းသားဘဝကချစ်ခဲ့ရသည့် မိန်းကလေး။ သူ ကျောင်းကထွက်ပြီး စီးပွားရေးနယ်ဘက်ကို မရောက်ရောက်အောင် တွန်းပို့ခဲ့သည့် မိန်းကလေး။ သူ ချစ်လျက်နှင့် လက်မထပ်ခဲ့ရသည့် မိန်းကလေး။

ကျောင်းနေစဉ်ကတော့ ကိုအေးခက်က စီးပွားရေးတောင့်တင်းသူ မဟုတ်။ လှိုင်တို့အဖေက တန်ခိုးအာဏာအပြည့်နှင့် လခကြီးစား အစိုးရအရာရှိကြီး။ လှိုင်တို့မှာ အမေ မရှိ။ လှိုင်တို့အဖေက ရာထူးရာခံကြီးသော၊ ဂုဏ်ရှိသော၊ အပေါင်းအသင်းများသော၊ အရက်ကောင်းကြိုက်သော၊ မယားငယ်တွေ အများကြီးယူသော 'သော ၁၆၀ ပုဂ္ဂိုလ်ကြီး'ဖြစ်၍၊ လှိုင်တို့မှာ ငယ်စဉ်ကတည်းက မိထွေးအမျိုးမျိုး၏လက်ထဲတွင် ကြီးပြင်းလာခဲ့ကြရသည်။ 'အရာရှိကြီးသမီး'ဆိုသည်မှာ နာမည်သာရှိသည်။ မိဘအယုအယ ခံခဲ့ရသူများ မဟုတ်ခဲ့ကြ။

အပျိုအရွယ်ကလေးတွေဖြစ်လာတော့ 'အဖေကို အားကိုးလို့မရကြောင်း' သိမြင်လာကြသည်။ သူတို့ဖာသာ အားကိုးစရာ ရှာကြသည်။ သည်တုန်းက လှိုင်နှင့်ကိုအေးခက် ဆက်မိသည်။ လှိုင်တို့၏ တတိယမြောက် မိထွေးက ကိုအေးခက်တို့နှင့် သားချင်းမကင်းထဲကဖြစ်၍ လှိုင်တို့အိမ်မှာ ကိုအေးခက် ဝင်ထွက်နိုင်ခဲ့သည်။

လက်ပွန်းတတီး ရှိလာသောအခါ ချစ်စရာကောင်းသောလှိုင်နှင့် ငယ်ရွယ်သူ ကိုအေးခက်တို့ တစ်ရက်မမြင်ရ တစ်လ ထင်လာကြသည်။ ပြီးတော့ အမိအုပ်ထိန်းခြင်းနှင့် ကင်းခဲ့ရသောလှိုင်က ကိုအေးခက်ကို သူ့အိပ်ခန်းထဲ၌ လက်ခံသည်အထိ နယ်ကျွံခဲ့ကြသည်။

သည်အကြောင်းတွေကို တွေးမိတော့ ဦးအေးခက်ကား မောင်းရင်းက ပင့်သက်ရှိုက်မိသေးသည်။ ရင်ဖိုမိသေးသည်။ နောက် ဖုံးမနိုင်ဖိမရဖြစ်တော့ လှိုင်တို့ဒယ်ဒီက ဒေါသူပုန်ထကာ ကိုအေးခက်၏ထွက်၊ဝင်ခွင့်ကို ပိတ်ပစ်သည်။ သမီး၏အရှက်ကို ငွေနှင့် မျက်နှာနှင့် ဖုံးဖိုက်ပစ်လိုက်သည်။ လှိုင်တို့မိထွေးကတစ်ဆင့် ကိုအေးခက်ကိုတော့ 'ငွေပါလျှင်လာခဲ့။'ဟု သဘောသက်ရောက်သောစကားများ ပစ်လိုက်သည်။

'ငွေမက်သည့်လူကြီး။ သမီးကို ငွေနှင့်မှ ရောင်းစားမည့်လူကြီး။ တစ်နေ့ သည်လူကြီးကို ငါ ငွေနှင့်လာပြီး ဖိသတ်ပစ်မယ်။'ဟု ကိုအေးခက် ကြုံးဝါးပြီး ထွက်ခဲ့သည်။

ယခု သူ ဟိုတုန်းက ကြုံးဝါးခဲ့သလို လှိုင့်အဖေကို 'ငွေနှင့်ဖိ၍ သတ်ချင် သတ်နိုင်ပြီ။'-ဟု သူသိသည်။ သူ့မှာ စီးပွားရေးဘက်က ခိုင်ခံ့တောင့်တင်းလာသလောက်၊ လှိုင်တို့အဖေမှာ ရာထူးဂုဏ်လည်း မရှိတော့။ 'ငွေကြေးဥစ္စာ'ဆိုသည်မှာလည်း များလှစွာသော မယားငယ်တို့၏နောက်သို့ ပါလေပြီ။ နောက်ဆုံး အလုပ်ထွက်ရချိန်မှာ လက်ရှိဖြစ်သော၊ အသုံးအဖြုန်းကြီးသော၊ ငယ်ရွယ်သေးသော နောက်ဆုံးမယားကလေးနှင့် ဘာမျှမလုပ်တတ်မကိုင်တတ်။ လူပေါ်လူညွန့် ခူးစားသည့်ခေတ်ကလည်း ကုန်ပြီ။ သို့တိုင် လှိုင်ကိုတော့ လက်မလွှတ်သေးဘဲ၊ ကျဖမ်း အလုပ်ကလေးများမှာ တည်ကြက်အဖြစ်သုံးလျက် အသက်ဆက်နေရသည်။

ကိုအေးခက်က ဒီသတင်းတွေ ကြားရတော့ လှိုင့်ကိုတော့ သနားမိသည်။ သို့သော် အခြေအနေကမပေးတော့။ လှိုင့်ကို သူ သနားချင်တိုင်း သနားလို့ မရတော့။ တတ်နိုင်လျှင် ငွေကြေးအနည်းငယ် ထောက်ပံ့ခဲ့ရုံမှအပ သူ ဘာမျှ လောကွတ် မချော်နိုင်။



mgyoe.com

mgyoe.com SAMPLE BOOK

'လှိုင်ကတော့ ချောတုန်းလှတုန်းပဲ။' ဆိုသည်ကိုတော့ စိတ်ဝင်စားမိပြန်သည်။ ရှေးဖြစ်ဟောင်းကို အောက်မေ့မိပြန်သည်။

လှိုင့်ဒယ်ဒီကို သူ တစ်နည်းအားဖြင့်တော့ ကျေးဇူးတင်ပါသည်။ လှိုင့်ဒယ်ဒီ ငွေမက်သောကြောင့် သူ မခံချင်ဖြစ်ပြီး စီးပွားရေးသမား ဖြစ်လာရသည်။ ကံလိုက်သဖြင့်၊ အချိန်အခါကောင်းမိုရုံ မှီလိုက်သဖြင့် ကြီးပွားထွန်းကားခွင့် ရခဲ့သည်။ စီးပွားရေးမှာ တကယ် အာရုံစိုက်မိတော့ လှိုင့်ကို ယခင်ကလောက် သတိမရတော့။ စီးပွားရေးနယ်ပယ်ကလည်း တကယ်လိုက်လေ တကယ်ကျယ်ဝန်းလေ။

မိန်းမတစ်ယောက် ရဖို့အရေးသည် ကိုအေးခက်ကျင်လည်ခဲ့သော စီးပွားရေးလောကတွင် သမုဒ္ဒရာအလယ်ကလှေငယ်ပမာ အသေးအဖွဲ့သာဖြစ်သည်။

ဤသို့ စီးပွားရေးမျက်စိ ရှိလာတော့ လှိုင့်ဒယ်ဒီကိုပင် ခွင့်လွှတ်ချင်သလိုလို ဖြစ်လာသည်။ သူ ထွန်းကားလာတော့ သူ့မှာ အိမ်ထောင်ရေးပြဿနာတွင် 'အသည်းနှလုံး' ဆိုတာကို ဦးစား မပေးနိုင်တော့၊ မပေးချင်တော့။ လှိုင့်ဒယ်ဒီလို ပင်စင်ကလေး မဖြစ်စလောက်နှင့် စီးပွားရေးတွင် ကောက်သင်းကောက်စားနေရသောလူမျိုးကို ယောက္ခမ မတော်ချင်တော့။ လှိုင့်ကိုတော့ ငယ်ချစ်မို့ 'စိတ်က မကုန်သေးဘူး။' ထားပါတော့။

အလုပ်နှင့်၊ ငွေနှင့်၊ ဂုဏ်နှင့် ရင့်ကျက်လာတော့ ငယ်ငယ်ကလို အချစ်ရူးလည်း မဟုတ်တော့။ သူ့ဌေးသမီး မြင့်မြင့်တင်နှင့် ရတော့လည်း ချစ်ရသည်သာ၊ ပျော်ရသည်သာ၊ သူတို့ ၂ယောက် ငွေထုပ်ချင်းတူ လူရွယ်ချင်းမျှ အလှချင်းနတ်ဖက် သည်သို့ ပျော်မဆုံးမော်မဆုံးအချိန်များက 'လှိုင်ဆိုတာ ငါငယ်ငယ်ကကြိုက်ခဲ့တဲ့ ကောင်မလေး။ ပျံတန်တန် နန့်တန်တန်နှင့်။'' ဟုပင် ထင်မိပေမည်။

နောက် မြင့်မြင့်တင်က သမီးကလေးတစ်ယောက် မွေးလိုက်တော့ ကိုအေးခက်မှာ စီးပွားရေးရော အိမ်ထောင်ရေးပါ အခြေခိုင်သွားသည်။ အတိတ်ကို အတိတ်မှာထားခဲ့လို့ ရပြီ။ သူ့ဌေးကလေး ဦးအေးခက်။

နောက် သမီးကလေး ၇ နှစ်အရွယ်လောက်ရှိမှ မြင့်မြင့်တင်မှာ သားအိမ်တွင် ကင်ဆာဖြစ်သည်။ ကျွမ်းကျင်သည့် ဆရာဝန်ကြီးများနှင့် ခွဲစိတ်ကုသပါသော်လည်း သူ့ဘဝကံက ဤမျှသာပါဟန် တူသည်။ ငယ်ရွယ်တုန်း၊ လှပတုန်း၊ ပျော်ရွှင်တုန်းမှာပင် သူ့ကံကြမ္မာက ဆိုက်ရောက်လာသည်။

အသက် ၃၀ ကျော်ကလေးမှာ မုဆိုးဖို ဖြစ်လာရသော ကိုအေးခက်မှာ နောက်ထပ် အိုးအိမ်ထူထောင်ဖို့ ခက်ပြန်သည်။ သူ့မှာ ထောက်ထားစရာ၊ ငဲ့ညှာစရာ သမီးကလေးသာမက၊ စီးပွားရေးလုပ်ငန်းများကလည်း မအားမလပ်နိုင်လောက်အောင်ပင် များပြားခဲ့၍ ဤအရေး မစဉ်းစားနိုင်ခဲ့။ ပြီးတော့ တစ်နည်းမဟုတ်တစ်နည်း ပတ်သက်နေသေးသော မြင့်မြင့်တင်ဘက်က ဆွေမျိုးများအားက မြင့်မြင့်တင်၏နေရာတွင် အစားထိုးကြရန် ဟန်တပြင်ပြင်နှင့် ရှိသည်။ ကိုအေးခက်က လက်မခံချင်။ သူ့သမီး ကလေးကို အကြောင်းပြပြီး သူက ငြင်းပယ်ခဲ့ရသည်။ နောက်ထပ် အိုးအိမ်ထူထောင်ဖို့ဆိုတာ စိတ်မကူးတော့သလို ပြောထားမိသည်။

မြင့်မြင့်တင်ကို သတိရစွာနှင့်ပင် ဘုရားတည် ကျောင်းဆောက် အလှူအတန်းကလေးများကလည်း အဆက်မပြတ်လုပ်နေလေတော့ သူ့မှာ ငယ်ငယ်ရွယ်ရွယ်နှင့် ဘုရားဒကာ၊ ကျောင်းဒကာ သိက္ခာသမာဓိနှင့် ဖြစ်နေပြန်သည်။ ဒီလို ဖြစ်နေပြန်တော့ သူ့စီးပွားရေးလုပ်ငန်းများမှာ တစ်မျိုးတစ်ဖုံထောက်ပံ့လာပြန်သောကြောင့် အထိုက်အလျောက် ဣန္ဒြေနှင့်နေခဲ့ရသော ကိုအေးခက်မှာ တစ်ခါတစ်ခါတော့ ရင်ခုန်စရာကလေးများကို တောင့်တမိတတ်သည်။ အရွယ်ကလည်း တကယ်တော့ ကြီးလှပြီ မဟုတ်သေး။

သည်လိုအခါမျိုးမှာ သူ လှိုင့်ကို သတိရမြဲဖြစ်သည်။ လှိုင်နှင့် တိတ်တခိုးချစ်ခဲ့ရသည့် အတွေ့အကြုံများက သူ့ကို ရင်ဖိုစေခဲ့သည် မဟုတ်လား။ လှိုင့်ပါးပေါ်က မျက်ရည်စကလေးများ၊ လူမကြားအောင် သိုသိုသိပ်သိပ် ထုတ်လိုက်ရသော လှိုင်၏ တခိခိရယ်သံကလေးများ၊ ခုန်ပျံပြေးလွှားကစားတတ်သော လှိုင်၏ကလေးဆန်ဆန် အမူအရာကလေးများသည် မြင့်မြင့်တင် မရှိတော့မှ ကိုအေးခက်၏အာရုံထဲတွင် ပြန်လည်ထင်ဟပ်လာကြသည်။ သည်အာရုံများနှင့် သူနေလာခဲ့သည်မှာ ၁၀ နှစ်။ သမီးကလေးပင်လျှင် ကောလိပ်ရောက်ပြီ။

သူ ပဲခူးကကိစ္စပြီးလျှင် ရန်ကုန်ဆင်းမည်။ သမီးနှင့် တွေ့ပြီးလျှင် လှိုင်တို့ကို မတွေ့တွေ့အောင်ရှာမည်။ အခွင့်သာလျှင် လှိုင်နှင့် တိတ်တဆိတ်ပြန်ဆက်မည်။ အခြေအနေအအရ လှိုင့်ကို လူသိနတ်ကြားတော့ဖြင့် မသိမ်းပိုက်နိုင်။

သူ ဒါကို တွေးမိတော့ ရှက်သလိုလို ဖြစ်မိသေးသည်။ သို့သော် မတတ်နိုင်။ မေမြို့၊ မန္တလေး၊ မိုးကုတ်၊ မုံရွာ၊ ကသာ၊ ဗန်းမော်လို နေရာမျိုးမှာတော့ သူ ဘုရားဒကာ၊ ကျောင်းဒကာ၊ ရန်ကုန်လို ပျံကျတွေနေသည့်နေရာမျိုးမှာတော့ သူ့လုပ်ရှားမှုများ ဒါလောက် မထင်ရှားနိုင်။

ပဲခူးမှာ အလုပ်ကိစ္စနှင့်ပတ်သက်သူတွေ၊ အဒေါ်တွေ၊ အစ်မတွေက ထမင်းကျွေးသူကျွေး၊ လက်ဖက်ရည်တိုက်သူတိုက်နှင့်။ ထိုနေ့က ညနေ နေဝင်မှ ထွက်ခဲ့ရသည်။ သူ့ကားလည်း



mgyoe.com

mgyoe.com SAMPLE BOOK

'သည်အချိန်မှာမှ ကားမောင်းလို့ ကောင်းသည်။'ဆိုကာ ထွက်လာခဲ့သည်။ တကယ်တော့ သူ ရန်ကုန်ကို မိုးမချုပ်ခင် ရောက်ချင်သည်။ ထုံးစံအတိုင်း 'ရန်ကုန်ရောက်လျှင် ဘာလုပ်မည်။'ဆိုသည့် အစီအစဉ်ကို ကားပေါ်မှာပင် ရေးဆွဲလာခဲ့၏။ ၇နာရီ-၇နာရီခွဲ လောက် ရန်ကုန်ဝင်။ နန်ဆင်းမှာ ထမင်းစား။ ၇မိုင်က မိတ်ဆွေတစ်ယောက်အိမ် ဝင်။ ရေမိုးချိုး အဝတ်အစားလဲ။ တွေ့ချင်သူများကို ဖုန်းဆက်။ မနက် ထမင်းမစားမီ မြို့ထဲသွား။ တချို့ကို ရုံးမသွားခင် အမီတွေ့။

ရန်ကုန် ၇မိုင်ကမိတ်ဆွေမှာ သူ အားမနာရသော သူ့မိတ်ဆွေ ဆရာဝန်လူပျိုကြီး။ သူ့အိမ် တည်းခိုရသည်မှာ ကျယ်ကျယ်လွှင့်လွှင့်ရှိသည်။ ခိုင်းစရာလူ ပေါသည်။ သူ့မော်တော်ကားကအစ တိုက်ပွတ်ပေးမည့်သူ ရှိသည်။ ဆရာဝန်တပည့် 'မြမောင်'ဆိုသည့်ကောင်ကလေးက 'ကား'ဆိုလျှင် အလွန်ဝါသနာပါသည်။ ပြောင်လက်နေအောင် တိုက်ချွတ်ပေးတတ်သည်။ ကောင်ကလေးကို သူက ၁၀-၂၀ မုန့်ဖိုး ပေးနေကျ။

ဆောင်းနေက အကျမြန်သည်။ အင်းတကော်အလွန်လောက်တွင် သူ့ကားထိပ်မီးများကို ထွန်းလိုက်ရသည်။ လမ်းရှင်းသည်။ သူ ကားမောင်းရင်း စိတ်ကူးနှင့် အစီအစဉ်လုပ်လာ၍ သူ့ကားရှေ့က လူတစ်ယောက် ဆီးတားနေသည်ကို အနီးရောက်မှ မြင်ရသည်။ သည်အချိန်မှာတော့ လူဆိုး,လူကောင်း ခွဲခြားဖို့ ခက်သည်။ သူ 'ရှောင်မောင်းပြေးတော့မည်။' စိတ်ကူးပြီးမှ၊ လမ်းဘေးတစ်နေရာတွင် ဆလွန်းကားကလေးတစ်စီးနှင့် မိန်းမပျိုတစ်ယောက် ရပ်နေသည်ကို မြင်လိုက်ရ၍ စက်မပိတ်ဘဲ ကားကို ရပ်ပေးလိုက်သည်။ သတိတော့ ထားရ၏။

''ကားဘီး ကွဲသွားလို့ဗျာ။ ကျွန်တော့်မှာ ဘာမှလည်း မပါလာဘူး။ မိုးကလည်း ချုပ်နေလို့။ မိန်းကလေးကလည်း ပါလာလို့။''

''ကျွန်တော် ဘာလုပ်ပေးရမှာလဲ။''

''တာယာဆိုက်ချင်း တူရင်တော့ စပယ်ယာဘီး ခဏလိုချင်ပါတယ်။ လှည်းကူးလောက်ထိ ဖြစ်ဖြစ်ပေါ့။ မရရင်လည်း ကျွန်တော့်နှမကို လှည်းကူးထိ ခေါ်သွားပေးပါလား။''

''ကားဘီးကတော့ အရွယ်ချင်းလည်း မတူပါဘူးလေ။ ကျွန်တော် ရန်ကုန်အထိ သွားမှာပါပဲ။ လူလိုက်ချင်တော့ လိုက်ခဲ့ပါ။''

''ကျေးဇူးပဲဗျာ။ ဒါဖြင့် လှည်းကူးမှာ ခဏရပ်ပေးပြီး ကျွန်တော့်အတွက် ကားနှင့် စပယ်ယာဘီး လွှတ်ပေးမယ့်လူရှိပါတယ်။ ခိုင်ရေ လာ-လာ။ ဟောဒီက အစ်ကိုကြီးနှင့် ခိုင် လိုက်သွား။ လှည်းကူးရောက်တော့ ကိုသာလှကို ပြန်လွှတ်ပေး။''

ကိုအေးခက် ကားကို ဂီယာသွင်းပြီးထွက်ခဲ့တော့ သူ့ဘေးက 'ခင်မြခိုင်'ဆိုသူ အမျိုးသမီး ပါလာသည်။ အနည်းငယ် မှောင်နေ၍ သူက စီးကရက်ဘူးရှာသလိုနှင့် ကားအမိုးကမီးကို ဖွင့်ပြီး မသိမသာအကဲခတ်သည်။ အသက် ၃၀ ခန့်ရှိမည်။ ရုပ်ရည်ချောမောလှပသည်။ ဝတ်စားဆင်ပြင်ပုံ ပိရိသေသပ်သည်။ 'လူကို ဒုက္ခပေးတတ်သည့် ရုပ်လက္ခဏာမျိုးတော့ မဟုတ်။'-ဟု ကိုအေးခက် ထင်သည်။

''စီးကရက်သောက်တတ်ရင် သောက်ပါ။''

''ဟုတ်ကဲ့။ ကျေးဇူးပါပဲ။''

အမျိုးသမီးက ဦးအေးခက် လှမ်းပေးသော စီးကရက်ဘူးနှင့် မီးခြစ်ကိုယူကာ စီးကရက်တစ်လိပ်ထုတ်၍ မီးညှိသည်။

ဦးအေးခက်က ကားမောင်းရင်းမှ အမှတ်မထင်ကြည့်၍ 'စီးကရက်သောက်နေကျ အမျိုးသမီးပဲ။'ဟု စိတ်ထဲက မှတ်ချက်ချမိပြန်၏။

အတော်ကလေးမောင်းမိတော့ အမျိုးသမီးက သူ့ဟာသူပြောသလိုလိုနှင့်၊ ''ကိုကိုကြီးတို့လုပ်လိုက်ရင် ဒီလိုချည်းပဲ။''ဟု စကား စပြောသည်။

ဦးအေးခက်က သူ့ဘက် တစ်ချက်လှည့်ကြည့်ပြီး စိတ်ဝင်စားဟန်ပြလိုက်တော့ သူ ဆက်ပြောသည်။

''အလကားသက်သက် သူ့အမျိုးသမီးကို ပဲခူးခေါ်ချင်တာ 'ခိုင်ပါမှ လိုက်မယ်။'ဆိုလို့ ခိုင်က အဆစ်ပါရတာလေ။ ပဲခူးရောက်တော့ ခိုင့်ကို မိတ်ဆွေတစ်ယောက်အိမ်မှာ ထားခဲ့ပြီး၊ ဘယ်လျှောက်သွားကြတယ်မသိဘူး။ မိုးချုပ်မှ ခိုင့်ကို လာခေါ်တယ်။ သူ့ဟာမကတော့ ပြန်တောင်လိုက်မလာတော့ဘူး။''

''အို-ဘာဖြစ်လို့လဲ။''

''ဘာဖြစ်ရမလဲရှင်။ မျက်နှာပူတယ်ပေါ့။ သူတို့ဟာနှင့်သူတို့ အကွက်ထွင်ပြီး ထွက်လာကြတာပဲ။ ခိုင်က အစ်ကိုအတွက် ခုတုံး လုပ်ပေးရတာပေါ့။ ပဲခူးမှာ သူ့တို့ ရုံးတက်လက်ထပ်ကြသတဲ့။ ဟိုမှာ သူ့တပည့်က အိမ်တွေဘာတွေ ငှားပြီးသား။ ခိုင် ဒါတွေ စောစောကသိရင် ရထားနှင့် တစ်ယောက်တည်းပြန်တယ်။ ခု မိုးချုပ်မှတဲ့ရှင်။ ပြီးတော့ သူ့ဟာသူ ခိုင့်ကို အားနာပြီး ပြန်ပို့မယ် ဖြစ်လာတာ။ ခုဆို သူ့ကား ကောင်းသွားရင် ပဲခူးပြန်မှာ သေချာတယ်။''

ဦးအေးခက်က သူပြောပြနေသည်ကို သေချာစွာ အကဲခတ် နားထောင်လာသည်။ ခင်မြခိုင်၏အစ်ကို 'ကိုလှခိုင်' ဆိုသူအတွက်လည်း စိတ်ထဲက မသိမသာဆုမွန်ကောင်းများ တောင်းလိုက်မိ၏။ 'ခင်မြခိုင်ပြောနေတာဟာ သူ့အစ်ကိုကို တကယ် မကျေမချမ်းဖြစ်လို့ ပြောနေတာမှ ဟုတ်ရဲ့လား။'- ဟူသော သတိကလည်း ထားရလျက်။



mgyoe.com

mgyoe.com SAMPLE BOOK

လှည်းကူးတွင် ခေတ္တရပ်နားပြီး ခိုင်က ကားပေါ်မှ ဆင်းကာ သူတို့အသိ ကားဆရာတစ်ယောက်ကို အကျိုးအကြောင်း ပြောသည်။ ဦးအေးခက်က ကားဆရာနှင့် ရပ်စကားပြောနေသော ခင်မြခိုင်ကို ကားပေါ်မှနေ၍ ကြည့်နေမိသည်။ 'ခင်မြခိုင်သည် အရပ်အမောင်းရော ကိုယ်လုံးကိုယ်ပေါက်ပါ လှသည်။'-ဟု သူ သတိပြုမိသည်။ ကားဆရာအား မှာစရာရှိသည်တို့ကိုမှာပြီး ခင်မြခိုင် ပြန်လျှောက်လာသည်။

"ကဲ-အစ်ကိုကြီး။ ခိုင့်ကိုတော့ ရန်ကုန်အထိ ခေါ်သွားရတော့မှာပဲ။"ဟုဆိုကာ တံခါးကို ဖွင့်၍ ဝင်ထိုင်သည်။ ဦးအေးခက်၏စိတ်ကူးတို့သည် ထွေပြားလျက်ရှိ၏။

"ကျွန်တော်လည်း အဖော်ရတာပေါ့ဗျာ။"

လှည်းကူးက ထွက်လာတော့ ဦးအေးခက်က

"ခိုင် အခုလို လူစိမ်းတစ်ယောက်ရဲ့ကားနှင့် ခုလို အချိန်ကြီး လိုက်လာရတာ မကြောက်ဘူးလား။"ဟု သွေးတိုးစမ်းသလို မေးကြည့်သည်။

"ခိုင်လား အစ်ကိုကြီးကိုမြင်ကတည်းက လူကြီးလူကောင်းဆိုတာ သိပါတယ်။ မယုံကြည်ရင် လှည်းကူးမှာ ဆင်းနေရစ်မှာပေါ့။"

"လူကောင်း ဆိုတာ ချိုပေါက်တာ မဟုတ်ဘူးနော်။"

ဦးအေးခက်က ရယ်သွမ်းသွေးတော့ ခိုင်က ခပ်အေးအေးကလေးရယ်ကာ စီးကရက်တစ်လိပ် ထပ်မီးညှိပြန်သည်။ ရယ်စရာမောစရာကလေးများ, အနောက်အပြောင်ကလေးများ ပါလာတော့ လူချင်းက ပိုရင်းနှီးသလို ဖြစ်လာသည်။ သည်တော့ ခိုင်က သူ့အစ်ကိုအကြောင်း တစ်စွန်းတစ်စပြောလာသည်။

ခိုင်တို့မှာ မိဘ မရှိ။ မောင်နှမ ၃ ယောက် ရှိသည်။ တရုတ်ကပြား စီးပွားရေးသမားများဖြစ်သည်။ ငယ်ငယ်က စီးပွားရေးဟန်မကျ၍ ခိုင်က တရုတ်သူဌေးတစ်ယောက်နှင့် ယူရသည်။ တရုတ်သူဌေးက မိန်းမတွေ အများကြီးရှိရာ၊ သူက တတိယ,စတုတ္ထလောက် ဖြစ်ဟန် တူသည်။ နောက် စီးပွားရေး မကောင်းတော့ သူဌေး ပြည်ကြီးသို့ အပြီးပြန်သည်။ သူ့လက်ငုတ် စီးပွားရေးအချို့ကို ခိုင်တို့ မောင်နှမ ၃ယောက်က ဆက်လုပ်ခဲ့သည်။

နောက်အစ်ကိုအကြီးဆုံးကိုလှခိုင်က စီးပွားရေးကောင်းလာတော့ မိန်းမတွေနှင့် ပွေပြန်သည်။ မထင်မရှားလည်း ယူသည်။ လက်ထပ်၍လည်း ယူသည်။ ယခု ပဲခူးတွင် ယနေ့ လက်ထပ်သူမှာ စတုတ္ထလောက် ဖြစ်ဟန်တူ၏။

သူ့ထက်အငယ် 'ဟယ်ရီ'ခေါ် မောင်အုန်းခိုင်မှာ များမကြာမီက မြန်မာပြည်မှ အပြီးအပိုင်ထွက်ခွာကာ ဟောင်ကောင်မှာ စီးပွားရေးလုပ်နေပြီ။-ဟုလည်း သိရသည်။

ယခု ခင်မြခိုင်က ရန်ကုန်မြို့တွင် ဝင်းနှင့်ခြံနှင့် လူနေရပ်ကွက်တစ်နေရာတွင် သူပိုင်တိုက်တစ်လုံးကို ငှာထားပြီး၊ ထိုဝင်းထဲမှာပင် သူ့အတွက် အိမ်ငယ်ငယ်ကလေးတစ်လုံး ဆောက်၍၊ သူတစ်ယောက်တည်းနေသည်။

ကိုလှခိုင်က မြို့လယ်တွင် သူ့မယားကြီးနှင့် ကလေးများ နေသည်။ သူကတော့ မြို့ပြင်မှာ အိမ်တစ်လုံးထပ်ဝယ်ပြီး မယားငယ်နှင့် နေသည်။ နေရာအနှံ့ ငှားနေသည့်အိမ်များလည်း ရှိသည်။

ဦးအေးခက် ခင်မြခိုင်ပြောလာသည်တို့ကို နားထောင်ရင်း တစ်ချက်တစ်ချက်တွင် ဝင်ထောက်လိုက်, အင်းလိုက်လိုက်, အိုလိုက်လိုက်နှင့်။ ကုန်သည်တို့ခေတ်ကောင်းစဉ်က 'သူဌေး' ဆိုသူတို့၏ လုပ်ရပ်များကိုပါ သုံးသပ်လာမိသည်။

"အစ်ကိုကြီး။ ရန်ကုန်မှာ အိမ်ရှိလား။"

"မရှိပါဘူး။ ဘာဖြစ်လို့လဲ။"

"ဒါဖြင့် ဘယ်မှာ တည်းမလဲ။ ခါတိုင်း ဘယ်မှာ တည်းလဲ။"

"ကြုံရာပါပဲ။"

ဦးအေးခက်က သူတည်းနေကျနေရာကို တမင်ဖုံးကွယ်၍ ခင်မြခိုင်ထံမှစကားကို ချူကြည့်ခြင်း ဖြစ်သည်။ သို့သော် ခင်မြခိုင်က 'သူ့အိမ်မှာတည်းပါ။'-ဟု ဖိတ်ခေါ်ရန် နှုတ်လေးနေဟန် တူ၏။

"မေမြို့ကို ခိုင်တို့ လာလည်မယ်နော်။ အစ်ကိုကြီး ပုန်းနေမှာလား။ အစ်ကိုကြီးမိန်းမက သဘောကောင်းလား။"

"ဟာ-သိပ်ကောင်းတာပေါ့။ ဘာဆိုဘာမှ မပြောဘူး။ 'မပြော'ဆို ရှိကို မရှိလို့ဗျ။"

"အဟုတ်လား။ အစ်ကိုကြီးက ခိုင်တို့အလည်လာမှာ စိုးလို့လား။"

"လာပါဗျာ။ ဒါပေမယ့် အစ်ကိုကြီးအိမ်က ကျဉ်းကျဉ်းကလေးရယ်။ ခိုင်တစ်ယောက်တော့ တည်းနိုင်ပါတယ်။"

ဦးအေးခက် ခိုင်နှင့် ဤမျှရင်းနှီးလာတော့ သူတစ်ယောက်တည်း ကားမောင်းလာခဲ့စဉ်က အောက်မေ့လာခဲ့သော ရေးဖြစ်ဟောင်းများနှင့် သူ့လိုင်ကို ခဏမေ့သွားသည်။ လိုင်နေရာမှာ ခိုင် ရောက်လာသည်။ သို့သော် သူ့မှာ စဉ်းစားစရာတွေ တိုးလာသည်။ ခိုင်က သူ့အကြောင်းတွေကို ဘာဖြစ်လို့ ဒါလောက်စုံအောင် ပြောလာလဲ။ စပ်မိစပ်ရာ လျှောက်ပြောလာတာနှင့်တော့ တူပါသည်။ ကားပေါ်မှာ ၂ ယောက်တည်း ပါသည်။ သည်လိုသာ စကားပြောမလာလျှင် အိပ်ငိုက်မည်။ သူစိမ်းယောကျ်ားတစ်ယောက် မောင်းလာသည့်ကားပေါ်မှာ သူ့ဘေးက အိပ်ငိုက်လာတာကတော့ မသင့်။


mgyoe.com

SAMPLE BOOK

ခိုင်ဟာ သူပြောသလို 'တရုတ်သူဌေးကတော်ဟောင်း၊ ကောင်းရောင်းကောင်းဝယ်သမား' ဆိုတာ ဟုတ်မှဟုတ်ပါ့မလား။ 'သူ့အစ်ကို' ဆိုသူကကော မယားတွေ ဒါလောက်ယူနိုင်ဖို့ ဝင်ငွေကို သူဘာလုပ်ပြီး ရှာနေပါလိမ့်။ ပြီးတော့ အငယ်အနှောင်းတွေ ပရမ်းပတာယူနေတဲ့ အစ်ကိုကို နှမလုပ်သူက လိုက်ကူပေးနေတယ်ဆိုတော့ ဒီလိုကိစ္စက သူတို့အဖို့ ကဲ့ရဲ့စရာလည်း မဟုတ်၊ ချီးမွမ်းစရာလည်း မဟုတ်။ ထမင်းစား၊ရေသောက်ကိစ္စမျှသာ။

ခိုင်က စကားပြောလာသည်။ ဦးအေးခက်က နားထောင်ရင်း ဒါတွေ တွေးလာသည်။

ဤသို့နှင့်ပင် ကားကလေးသည် မင်္ဂလာဒုံကို လွန်ခဲ့သည်။ ၇နာရီနှင့် ၃၅မိနစ်။ ဦးအေးခက်၏ကားကလေးသည် အရှိန်မှန်မှန်ပြေးလာခဲ့ရာမှ မရမ်းကုန်းရောက်ခါနီးတွင် အရှိန်လျှော့၍ နန်ဆင်းပျော်ပွဲစားရုံထဲသို့ ခေါင်းထိုးဝင်လိုက်သည်။ ခင်မြခိုင်ကို ဘာမျှပြောမထားသော်လည်း နားလည်ပြီးဖြစ်ဟန်တူသည်။

ကားကိုရပ်ပြီး သူတို့ ၂ယောက် ဣန္ဒြေရရပင်ဆင်းကာ လျှောက်လာကြသည်။ သူတို့ အပေါ်ကိုမရောက်မီပင် အပေါ်မှ လူတစ်ယောက် ပြေးဆင်းလာပြီး ခိုင့်ကို နှုတ်ဆက်တော့ ခိုင်က သူ့အား 'အောက်မှာပင် စားပွဲတစ်ခု ခင်းပေးရန်' ပြောလိုက်သည်။

သူတို့ ရပ်စောင့်နေစဉ်မှာပင် အောက်ကပန်းခြံထဲတွင် စားပွဲတစ်ခုခင်းပြီးသား ဖြစ်နေသည်။ မလှမ်းမကမ်းတွင် ၂ယောက် ၁တွဲ၊ ၃ယောက် ၁တွဲ စားပွဲကလေးများနှင့် အေးအေးလူလူထိုင်စကားပြောရင်း စားကြသောက်ကြလျက်။

"အပေါ်မှာက လူ သိပ်များတယ်။"ဟု ခိုင်က ဆိုလိုက်ပြီး၊ "အစ်ကိုကြီး ဘာစားမလဲ။ ဘာသောက်ဦးမလဲ။ ဘီယာ-ဝစ္စကီ"ဟု သွက်လက်စွာမေးသည်။ ပြီးတော့ သောက်လက်စ စီးကရက်ကို လက်ကြားညှပ်လျက် စားပွဲပေါ်တွင် ချထားသော အမှာစာစာရွက်ငယ်တွင် ခဲတံဖြင့် ကောက်ရေးနေသည်။ သူလုပ်ကိုင်နေပုံမှာ 'ကြည့်စရာပင် ကောင်းသေးတော့။'-ဟု ဦးအေးခက်က ထင်မိ၏။

နန်ဆင်းမှာတော့ ခင်မြခိုင်က အိမ်သည်၊ ဦးအေးခက်က ဧည့်သည် ဖြစ်နေသည်။ ခင်မြခိုင်က ဟိုတယ်စားပွဲထိုးများက အစ မန်နေဂျာအထိ သိသည်။ သူ့ကို လေးလေးစားစားနှုတ်ဆက်ကြသည်။ လာစားကြသူများထဲမှလည်း ခိုင့်ကို သိသူ၊ လက်ပြနှုတ်ဆက်သူ အတော်များများတွေ့ရ၏။ ဂေါက်သီးရိုက်ပြီး ပြန်လာကြသူများ ခိုင်ရှိရာ လာပြီး နှုတ်ဆက်ကြသည်။ ဤနေရာကို သူလာနေကျ ဖြစ်ဟန်တူ၏။

စားသောက်ပြီးကြ၍ ဦးအေးခက်က ပိုက်ဆံရှင်းပေးပြီး လာတုန်းကလိုပင် ဣန္ဒြေရရ ပြန်ထလာကြတော့လည်း၊ ခိုင့်ကို နှုတ်ဆက်သူတွေ များသည်။ သည်တော့မှ ဦးအေးခက် ခိုင့်ကို အတော်အတန်နားလည်လာသည်။ ခိုင် 'ဘယ်လိုအမျိုးသမီး' ဆိုတာ ရိပ်စားမိလာသည်။ နန်ဆင်းကထွက်ခဲ့ကြတော့ ဦးအေးခက် စိတ်ကူးတစ်မျိုး ဖြစ်လာသည်။

မိန်းမချော၊မိန်းမလှတစ်ယောက်နှင့် ဆိတ်ကွယ်ရာရတိုင်း ဖောက်ပြန်တတ်သော လူတို့၏စိတ်ရိုင်းကို မထိန်းသိမ်းတတ်ခဲ့လျှင်၊ ဦးအေးခက် ယခုအချိန်အထိ ယခုအခြေအနေမျိုးမှာ မနေနိုင်။ သူ့အဖို့ ဤသို့ကြုံရသည်မှာ ဤတစ်ကြိမ်သာ မဟုတ်။

ရန်ကုန်မြို့ထဲသို့ ကားဝင်မိတော့ ခင်မြခိုင်က သူ့အိမ်နေရာကို ပြောသည်။ ဦးအေးခက်က သူညွှန်သည့်အတိုင်း စိတ်ထဲက လမ်းမှတ်ရင်း မောင်းဝင်ခဲ့၏။ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဝင်ဒါမီယာလမ်း။ အကွေ့အချိုးများစွာဖြင့် 'ခိုင် နေသည်' ဆိုသော အိမ်သို့ရောက်လာသည်။

"တဲကလေးတစ်လုံး ဆောက်နေတယ်။"ဟု ခိုင် ပြောပြခဲ့သော သူ့အိမ်မှာ တစ်ထပ်တိုက်သေးသေးကလေး ဖြစ်၏။

"ဆင်းဦးလေ အစ်ကိုကြီး။ ခိုင် ကော်ဖီလေးဘာလေး ဖျော်တိုက်ပါရစေဦး။"

ဦးအေးခက်က 'မဆင်းတော့ဘူး။' အောက်မေ့ပြီးမှ စိတ်ကူး တစ်မျိုးပြောင်းကာ အညောင်းဆန့်ရင်းဆင်း၍ ခိုင့်နောက်က လိုက်ခဲ့၏။ အိမ်ကလေးအတွင်းဘက်မှာ အတော်သပ်သပ်ရပ်ရပ်ရှိ၏။ လူလတ်တန်းစားတို့၏ ခေတ်မီအသုံးအဆောင်များဖြစ်သော ရေခဲသေတ္တာ၊ ရေဒီယိုဂရမ်၊ ပန်ကာ၊ စာအုပ်စင်၊ ပန်းကန်စင်စသည်တို့ဖြင့် တန်ဆာဆင်၏။ သူတို့ကို လာ၍ တံခါးဖွင့်ပေးသော ကလေးမမှာ အိမ်ဖော်မလေးဖြစ်ဟန် တူ၏။ ခိုင်က သူ့အိမ် အိပ်ခန်း၊ ရေချိုးခန်း၊ ထမင်းစားခန်း စသည်တို့ကို အမှတ်မထင် ပြသွားသည်။ ရေချိုးခန်းဝင်ချင်လျှင် ဝင်နိုင်ဖို့။

ခင်မြခိုင် ဖျော်တိုက်လိုက်သော နက်စ်ကဖီးတစ်ခွက်ကို သောက်ပြီး ကျေးဇူးတင်စကားပြောကာ နှုတ်ဆက်တော့၊ ခင်မြခိုင်က "အစ်ကိုကြီး မပြန်သေးရင် လာလည်ပါ။ အချိန်မရွေး ပေါ့။"ဟု ဖိတ်ခေါ်လိုက်သေးသည်။ ပြီးတော့ သူက ကားနားအထိလိုက်ပို့ပြီး နှုတ်ဆက်သည်။

"အစ်ကိုကြီး လာဦးမယ် မဟုတ်လား။ အိမ် သိပြီပဲ။"ဟု သူက ထပ်သတိပေးတော့ ဦးအေးခက်က ဘာမှ ဝန်မခံခဲ့။ "ကြုံရင်ပေါ့လေ။"ဟုသာ ပြောပြီးထွက်ခဲ့သည်။

လမ်းပေါ်ရောက်မှ 'အတော်လည်တဲ့ မိန်းမပဲ။'ဟု သူ့ဟာသူ စိတ်ထဲကပြောပြီး ပြုံးမိသေးသည်။

mgyoe.com

SAMPLE PDF

၇ မိုင်သို့ သူရောက်တော့ ၉ နာရီမတ်တင်း ရှိပြီ။ အိမ်မှာ မီးများလင်းနေသော်လည်း သူ့မိတ်ဆွေဆရာဝန်ကတော့ ပြန်မရောက်သေး။ ဆရာဝန့်တပည့်ကျော် အောင်ကြီးနှင့် မြမောင်တို့က သူ့ကို ဝမ်းပန်းတသာဆီးကြိုကြသည်။ သူတို့ကြိုတင်ရရှိထားသော ကြေးနန်းစာအရဆိုလျှင် 'ဦးအေးခက် နောက်အကျဆုံး ၇ နာရီလောက်ကတည်းက ရောက်လိမ့်မည်။-ဟု မျှော်နေကြသည်။' ဆိုသည်။ သူတို့ဆရာလည်း အပြင်ထွက်သွားပြီး ၉ နာရီခွဲမှ ပြန်လာမည်။' ပြောသည်။ သို့သော် ကိစ္စမရှိ။ အောင်ကြီးနှင့် မြမောင်တို့ရှိလျှင် ပြီးပြီပဲ။

များမကြာမီပင် ဦးအေးခက် အိမ်အောက်ထပ်က အိပ်ခန်းမှာ နေရာတကျဖြစ်ပြီ။ ရေချိုးအဝတ်အစားလဲပြီး၍ အေးအေးလူလူ လန်းလန်းဆန်းဆန်းရှိပြီ။ အောင်ကြီးက ထမင်းစားခန်းထဲတွင် သူ့ဆရာ ပြန်လာလျှင် စားဖို့သောက်ဖို့ ပန်းကန်ခွက်ယောက်များ ခင်းကျင်းနေသည်။ အိမ်ဘေးကားရုံရှေ့တွင် မြမောင်က ဦးအေးခက်၏ကားကို ဆေးကြောပွတ်တိုက်နေသည်။

ဦးအေးခက်ကမြင်၍ ''မနက်မှဖြစ်ဖြစ် လုပ်ပါကွာ။'' ဟု ပြောတော့ ကောင်ကလေးက ''ဆရာ မနက်စောစော ထွက်ချင် ထွက်ရအောင်လေ။ ကျွန်တော်လည်း အားနေတာပဲ။'' ဟုဆိုကာ ဆက်လုပ်နေသည်။

၉နာရီခွဲသာသာတွင် အိမ်ဝင်းထဲသို့ ကား ၂ စီး ဝင်လာသည်ကို တွေ့ရသည်။ တစ်စီးက သူ့မိတ်ဆွေဆရာဝန့်ကား။ နောက်တစ်စီးကတော့ မသိ။ အိမ်ရှေ့မှာ ကားများရပ်ပြီး ဆရာဝန်က ကားပေါ်က အရင်ဆင်းသည်။ နောက်ကားထဲမှ အမျိုးသမီးငယ်တစ်ယောက်ကို စောင့်ခေါ်လာသည်။ နောက်ကားထဲမှာလည်း ဘောင်းဘီဝတ် လူရွယ်တစ်ယောက်နှင့် အခြားအမျိုးသမီးငယ်တစ်ယောက်တို့ ဆင်းလာကြသည်။ သူတို့လက်ထဲမှာ အထုပ်ကြီး,အထုပ်ငယ်များ ဆွဲလျက်ပါလာ၏။ မိန်းကလေးများမှာ အသက် ၂၀ ပတ်လည်တွင် ရှိကြမည်။

ဦးအေးခက်ကို ဝရန်တာတွင်တွေ့လိုက်တော့ ဟဲလိုချင်း ဟဲလိုထွေးအောင် နှုတ်ဆက်ကြပြီး၊ ဒါက အယ်မာ။ ဒါက ဝါဝါ စသည်ဖြင့် ကောင်မကလေးများနှင့် ဦးအေးခက်ကို မိတ်ဆက်ပေးသည်။

ဦးအေးခက်က ''ကျွန်တော် အေးခက်ပါ။''ဟု ပြုံးရွှင်စွာ ကောင်မကလေးများနှင့် လက်ဆွဲနှုတ်ဆက်ပြီး အားလုံး ဧည့်ခန်းထဲ ဝင်ထိုင်ကြသည်။ ဆရာဝန်က ထမင်းစားခန်းထဲ ဝင်ကာ ဝစ္စကီပုလင်းနှင့် ပြန်ထွက်လာသည်။ နောက် အောင်ကြီးက ဧည့်သည်များဘေးက စားပွဲငယ်ကလေးများပေါ်တွင် ဖန်ခွက်များ, လက်သုတ်ပုဝါများ လာချပေးသည်။ နောက် သူတို့တွင်ပါလာသော စက္ကူထုပ်များမှ အစားအစာများကို ပန်းကန်ပြားငယ်များနှင့် ခွဲထည့်ကာ၊ ခက်ရင်းကလေးများ တပ်လျက် လာချပြန်သည်။

များမကြာမီပင် အနောက်တိုင်း တေးဂီတသံများသည် ဆူညံစွာထွက်ပေါ်လာသည်။ ဆရာဝန်နှင့် သူခေါ်လာသော အမျိုးသမီးတို့ တွဲကကြသည်။ သီချင်းဆုံးတော့ လက်ခုပ်တီးကြသည်။ နောက် သီချင်းတစ်ပုဒ်, နောက်တစ်တွဲ, လက်ခုပ်သံ။

ဝစ္စကီပုလင်း တစ်ဝက်လောက်ကုန်တော့ ပိုပြီးမြိုင်လာသည်။ ကောင်မလေးတစ်ယောက်က ဦးအေးခက်အနား လာထိုင်ပြီး ''မကဘူးလား။''ဟု မေးတော့ ဦးအေးခက်ကပြုံးပြီး ခေါင်းယမ်းပြသည်။ ဓာတ်ပြားများ ရွေးနေသော ဆရာဝန်က ''ဦးအေးခက်က ဘုရားဒကာ,ကျောင်းဒကာကြီးကွာ အယ်မာ'' ဟု လှမ်းနောက်သည်။

''ဘုရားဒကာ,ကျောင်းဒကာကြီးကလည်း ဝစ္စကီတော့ သောက်သလား။ ဟီ ဟီ''

ဝါဝါက လှမ်းနောက်သည်။

ဆရာဝန့်မိတ်ဆွေလူရွယ်က ''ဒါ ဝစ္စကီမခေါ်ဘူး ဝါဝါ။ ဒါကို ဘုရားဒကာ,ကျောင်းဒကာစကားနှင့် 'အဝေရာ' လို့ ခေါ်တယ်။ 'အဝေရာ-ရန်မရှိကြကုန်သည်။ ဟောတု-ဖြစ်ပါစေသတည်း။' ဆိုတာ မကြားဖူးဘူးလား။ ဒါ ဘေးကင်းအောင် သောက်တာ။''

ကောင်မလေးများ ကြောင်ပြီးကြည့်နေကြ၍ ဆရာဝန်က ''ဟဲ့ 'အဝေရာ' ဆိုတာ 'အဝါရေ' ကိုပြောတာ။''ဟု ရှင်းပြလိုက်မှ အားလုံးရယ်မောကြရ၏။

အရက်ခွက်တို့ကို ကုန်ရင်းဖြည့်ရင်းနှင့် ပုလင်းဖင်ကပ်မျှသာကျန်တော့ ပြကွက်တစ်မျိုး ဖြစ်လာသည်။ သီချင်းက ပိုသော့လာသည်။ ကကြသည့်အတွဲများကလည်း ပိုသွက်လာသည်။ အလဲအလှယ်နှင့် အဆွဲအယမ်း အနမ်းအရှုံ့များ ပါလာသည်။ သီချင်းဆုံး၍ထိုင်ကြသောအခါ အမျိုးသမီးများက အမျိုးသားများ၏ပေါင်ပေါ်ထိုင်ကာ အမျိုးသားတို့၏ လည်ပင်းများပေါ်တွင် သူတို့လက်များကို တင်ထားကြသည်။ ဆရာဝန်က သီချင်းဓာတ်ပြားများ ထထရွေးရတော့ အားနေသောအယ်မာက ဦးအေးခက်အနား လာကပ်ထိုင်သည်။ စီးကရက်ကို ပါးစပ်တွင်ကပ်ကာ ဦးအေးခက်ကို မီးညှိခိုင်းသည်။ နောက် စကားပြောရင်း သူ့ကိုယ်လုံးကလေးနှင့် ဦးအေးခက်ကို လွဲ၍ရိုက်ရိုက်ပြီး ရယ်သည်။ ဦးအေးခက်ကလည်း အထိုက်အလျောက် ရောနှောရသည်သာ။

''အယ်မာရေ-မလုပ်ပါနှင့်ဟ။ ငါ့ဘုရားဒကာ, ကျောင်းဒကာကြီး ဈာန်လျှောနေပါဦးမယ်။''ဟု ဆရာဝန်က ဓာတ်ပြားရွေးရာက လှမ်းနောက်၏။

mgyoe.com

mgyoe.com SAMPLE BOOK

ညဦးနက်သောအခါ ဆရာဝန်မိတ်ဆွေနှင့် သူ့အတွဲ ဝါဝါတို့ ပြန်ကြသည်။ နောက် အတော်ကလေးကြာတော့ ဆရာဝန်နှင့် အယ်မာတို့လည်း ကားနှင့် ထွက်သွားကြသည်။ အိမ်ကြီးတစ်ခုလုံး တိတ်ဆိတ်၍ကျန်ရစ်၏။

သည်တော့မှ ဦးအေးခက် သက်ပြင်းတစ်ချက်ချကာ သူ့အိပ်ခန်းထဲ ဝင်ခဲ့သည်။ အောင်ကြီးက ဖန်ခွက်များ၊ ပန်းကန်များကို သိမ်းဆည်းနေသည်။ မြမောင်က သူ့အိပ်ခန်းဝလာပြီး "ကားသွင်းထားလိုက်ရမလား ဆရာ။" ဟုပြောသဖြင့် ကားသော့ကို ထယူပေးလိုက်ပြီး၊ စီးကရက်သောက်ရင်း အိပ်ရာပေါ်မှာ လှဲနေလိုက်၏။

စောစောက အသံဗလံများက နားထဲတွင် ကျန်နေသည်။ သည်အသံများငြိမ်သွားတော့ သူ အိပ်ဖို့စိတ်ကူးကာ အိပ်ခန်းမီးခလုတ်ကို ဆွဲပိတ်လိုက်သည်။ ခဏကြာသော် အပြင်မှလာသော အလင်းရောင်ပျပျကလေး အခန်းထဲ ဝင်လာသည်။ သူ ရုတ်တရက် အိပ်လို့မရသေး။ 'မနက်တွင် သူဘာလုပ်မည်။' ဆိုသည့် အစီအစဉ်ကို ဆွဲနေမိ၏။

'သမီးကလေးဆီ သွားရဦးမည်။'

သမီးကလေးကို သတိရမိပြန်တော့ သူ စိတ်မကောင်း။ စောစောက သူ ကောင်မလေးတွေနှင့် ရောရောနှောနှော ရယ်မောနေတာမျိုး သမီးကလေး မြင်ရလျှင် ဘာများပြောမည်မသိ။ သူ့ကိုယ်သူလည်း ရှက်နေမိသည်။ သူတို့ကတော့ 'ဘုရားဒကာ၊ ကျောင်းဒကာ' ဆိုတာ နောက်တာပဲ။ နောက်စရာပဲ။ သူတို့လို လူမျိုးထဲမှာ 'ဘုရားဒကာ၊ ကျောင်းဒကာ' ဆိုတာ နောက်စရာ လူမျိုး၊ ရယ်စရာလူမျိုး။ ဟုတ်တော့လည်း ဟုတ်ပါရဲ့။ သည်က ဘုရားဒကာ၊ကျောင်းဒကာကို ကြည့်ပါဦး။

'လှိုင်' နှင့် ပျော်မြူးခဲ့တာတွေကိုလည်း သူ ကြည်နူးရဲ့။ အဖန်တလဲလဲ အောက်မေ့ရဲ့။ 'ခင်မြခိုင်' ဆိုတဲ့ အမျိုးသမီးကိုလည်း သူ ရိသဲ့သဲ့လုပ်လိုက်တာပဲ။ ခုနက အယ်မာ သူ့အနားကပ်ထိုင်ပြီး သူ့ကို ကိုယ်စောင်းပစ်တိုက်တော့ သူက အယ်မာ့ပခုံးများကို ဖက်ထားလိုက်မိသေး။ ပြီးတော့ အဝေရာ။

ဦးအေးခက် မှောင်ပျပျထဲမှာပင် တစ်ကိုယ်တည်း ပြုံးလိုက်မိသည်။ နောက် ခေါင်းရင်းကမီးခလုတ်ကြိုးကို လှမ်းဆွဲလိုက်တော့ တစ်ခန်းလုံး မီးလင်းလာသည်။ အိပ်ရာထဲက ထပြီး ခြေရင်းတွင် ခုံကလေးနှင့်တင်ထားသော သူ့သားရေသေတ္တာကို ဖွင့်၍ ပုလင်းတစ်လုံးကို ထုတ်ယူလိုက်၏။ ပုလင်းစက္ကူပတ်များကို ခွာ၍ အဖုံးကို ဖွင့်သည်။ နောက် ခေါင်းရင်းနားက စားပွဲပုပေါ်တွင်တင်ထားသည့် ရေဖန်ချိုင့်ပေါ်မှ ဖန်ခွက်ထဲသို့ ဝစ္စကီအနည်းငယ် လောင်းထည့်ရင်း၊ သူ့ပါးစပ်က "ဟင်း ဟင်း အဝေရာ" ဟု တိုးတိုးဆိုကာ ညင်ညင်ကလေး ရယ်လိုက်မိသေး၏။ နောက် ဝစ္စကီထဲသို့ ရေဖန်ချိုင့်ထဲက ရေငှဲ့၍ စွက်လိုက်ပြီး အိပ်ရာဘေးတွင် တစေ့င်းထိုင်သည်။ အတန်ကြာလျှင် ဖန်ခွက်ကိုမော့ချလိုက်ပြီး စားပွဲပေါ်ပြန်ချကာ စီးကရက်တစ်လိပ်ကို မီးညှိဖွာပြန်သည်။

သည့်နောက်တွင် ဦးအေးခက်၏ လှုပ်ရှားမှုများမှာ သွက်လက်လာပြီး၊ အိပ်ခန်းအပြင်ဘက်သို့ရောက်လျှင် နောက်ဖေးဘက်တံခါးကို ဖွင့်သည်။

"မြမောင်ရေ-မြမောင်"

၄-၅ခွန်းခေါ်မှ အစေခံတန်းလျားမှ မြမောင် အိပ်မှုန်စုံမွှားနှင့် ထလာသည်။

"ငါ့ကား ထုတ်လိုက်စမ်းကွာ။ ခပ်မြန်မြန်ဟေ့။"

မြမောင်လည်း နားမလည်သလို တစ်ချက်လှမ်းကြည့်လိုက်ပြီးမှ ကားရုံဆီသို့ သွားကာ၊ တံခါးဖွင့်၍ ကားကို ဖြည်းညင်းစွာထုတ်ယူလာသည်။

"ဓာတ်ဆီ ရှိရဲ့လား။"

"တစ်ဝက်လောက် ရှိတယ်ဆရာ။"

"အေး-ရပါတယ်။ ကဲ-မင်း အိမ်ထဲဝင် အိပ်နေတော့။ ကြားလား။ ငါ ဒီနေ့ည ပြန်အိပ်ချင်မှ အိပ်မယ်။"

ဦးအေးခက်က ဤစကားများကို ကားစက်နှိုးရင်း ပြောလိုက်၍ မြမောင် ကောင်းကောင်းကြားဟန် မတူ။ သို့သော် သူ နားလည်ပါသည်။

များမကြာမီပင် ဦးအေးခက်၏ကားကလေးသည် ပြည်လမ်းအတိုင်း ရန်ကုန်ဘက်သို့ ခေါင်းလှည့်ကာ အရှိန်ပြင်းစွာ ပြေးလျက်ရှိလေသည်။ အင်းလျားလမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ဝင်ဒါမီယာလမ်း။ ဘယ်ကွေ့ညာချိုး၊ နောက် ဘယ်ပြန်ချိုး။ ။

ရှုမဝမဂ္ဂဇင်း၊ ၁၉၇၁ ခု ဧပြီလ



mgyoe.com

mgyoe.com
SAMPLE BOOK

## ကွက်ကြားမြင်ရသော ဘဝနှစ်ခု

မနေ့ညက မိတ်ဆွေတစ်ယောက်၏အိမ်တွင် လုပ်သော 'ငွေရတုသဘင်'မင်္ဂလာပွဲသို့ ရောက်ခဲ့သည်။

လူ သိပ်မများသော်လည်း နှစ်ပေါင်း ၂၅ နှစ်ကျော်က ရင်းနှီးခင်မင်ခဲ့သော မိတ်ဆွေတစ်စုချည်း ဖြစ်၍၊ ရှေးဟောင်းနှောင်းဖြစ်များ ပြောကြရင်း ရယ်ကြမောကြ နောက်ပြောင်ကြနှင့် အတော်ညဉ့်နက်မှ အိမ်ပြန်ရောက်သည်။

သူတို့ အိမ်ထောင်ကျသည်မှာ ၂၅ နှစ် တင်းတင်းပြည့်ခဲ့ပြီ။ သားတွေသမီးတွေလည်း ကြီးကြပြီ။ အချို့က ကောလိပ် ရောက်နေကြပြီ။ အကြီးဆုံးသားက အလုပ်ပင် ဝင်လုပ်နေပြီ။ သူတို့ကို ကြည့်ရသည်မှာ ဝမ်းသာကြည်နူးစရာ ဖြစ်၏။

၂၅ နှစ်၏ဟိုဘက်က ချစ်ခဲ့ခင်ခဲ့ ကြင်နာခဲ့ကြသော သူတို့ ၂ ယောက်သည် ယခု ၄၀ ကျော်–၅၀ အတွင်းသို့ ရောက်လာကြသည့်တိုင်အောင် ချစ်ကြခင်ကြ ကြင်နာနေတုန်းပင်။ ဤ ၂၅ နှစ်အတွင်းလည်း ကြီးကျယ်သောပဋိပက္ခမှုများ မရှိခဲ့ဟု သိရသည်။ ကောင်းလေစွ။

သူတို့၏အိမ်ထောင်ရေးသည် သာယာဖြောင့်ဖြူးခဲ့သည်။ အောင်မြင်ခဲ့သည်။ သူတို့ဘဝ ချမ်းမြေ့ခဲ့သည်။ ကောင်းလေစွ၊ ဖြစ်ခဲလေစွ၊ ရခဲလေစွ။

ကျွန်တော် အိပ်ရာထဲရောက်မှ သူတို့အကြောင်း ပြန်ပြောင်းစဉ်းစားရင်း တောင်ရောက်မြောက်ရောက်၊ ကိုယ့်ပတ်ဝန်းကျင်က လူများအကြောင်း၊ သူတို့လောက် ကံမကောင်းသူများအကြောင်းပါ တွေးတောနေမိသဖြင့် တော်တော်နှင့် အိပ်လို့မရ။

မိုလ်ချုပ်ဈေးသို့ ရောက်ခဲ့စဉ်က ကိုယ်ဝန်အရင့်အမာနှင့် မခင်ချိုကို ရှောင်တခင်တွေ့ခဲ့ရသည်။ ကိုအောင်တင့်အကြောင်း မေးတော့ မျက်စိမျက်နှာ မကောင်းသည်ကို –

"ဆရာရယ်။ ချို ဆရာ့ဆီလာတိုင်း ဒုက္ခတွေ သယ်သယ်လာသလိုဖြစ်နေတော့ ဆရာလည်း စိတ်ညစ်မှာပဲ။ အားတော့နာပါတယ်။ ဒါပေမယ့် ချို့မှာ တိုင်ပင်စရာဆိုလို့ ဆရာပဲရှိလို့၊ ဆရာ့ကိုပဲ လာလာအပူကပ်ရတာပဲ"

ကျွန်တော် တက္ကသိုလ်တွင် ဆရာလုပ်နေစဉ်က မခင်ချိုသည် ဉပစာအောက်တန်းကျောင်းသူအဖြစ် ကျွန်တော်နှင့် စ၍ သိခဲ့သူဖြစ်သည်။ အင်္ဂလိပ်စာ အနည်းငယ်ညံ့နေ၍ အပိုချိန်သင်ပေးရသော တပည့်များတွင် တစ်ယောက်ဖြစ်၏။

နောက်တော့ ဤသို့ အပို ခေါ်သင်ပေးသော တပည့်များက ကျွန်တော်၏တပည့်ရင်းများဖြစ်လာကာ ကျွန်တော့်အားလည်း အမိအဖ, ဦးကြီးဦးလေး အရင်းကဲ့သို့ ရင်းနှီးခင်မင်နေကြသည်။

ဤသို့ ခင်မင်လာကြသူများတွင် မခင်ချိုက နာမည်နှင့်လိုက်အောင် နှုတ်ချိုသည်။ လူချစ်အောင် ပြောတတ်သည်ဖြစ်၍ သူနှင့် ပိုခင်သလို ရှိခဲ့၏။

မခင်ချို ကျွန်တော့်ဆီသို့ လာတိုင်းလိုလိုပင် သူနှင့်အတူ ပါပါလာတတ်သော ဘီအေ ပထမနှစ်ကျောင်းသား 'ကိုအောင်တင်'ဆိုသူကိုလည်း မခင်ချိုနှင့်ပတ်သက်၍ ကျွန်တော် ခင်မင်ခဲ့သည်။ သူတို့ ၂ ယောက်ကို ကြည့်ရသည်မှာ ကြည်နူးစရာ တစ်မျိုး ဖြစ်ခဲ့သည်။

mgyoe.com

